# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၃၃)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၂၈-၇-၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ မန္တလေးတိုင်းဒေသကြီးတွင် ဖြေဆိုအောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိ

မန္တလေး ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီးဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်းအပြီး ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၃၃၇၉၁ ဦးရှိသည့်အနက် အောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၅ သို့ ❐



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း


အာဆင်နယ်အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဟု ယိုကယ်ရက်စ်ပြောကြား

စာမျက်နှာ ၁၁

ပြည်တွင်းဝယ်လိုအားကြောင့် ယခင်နှစ်ထက် ထောပတ်သီး ရောင်းအားကောင်းမည်ဟု ဆို

စာမျက်နှာ ၁၃

ကျောင်းသားဘဝအစ ကိုကြီးတင်နှင့် မတီးဖြစ်ခဲ့သော မယ်ဒလင်ကလေး(ဝတ္ထုတိုကဏ္ဍ)

စာမျက်နှာ ၁၄

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ တနင်္လာနေ့။

မန္တလေး

## တောင်သူနည်းပညာပေးဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိ

တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးလုပ်ကိုင်သူများအားလုံး လယ်ယာကဏ္ဍဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ထဲထဲဝင်ဝင်သိရှိလိုက်နာရေးနှင့် ဥပဒေ၏ အကာအကွယ်နှင့် အထောက်အပံ့ကို ခံယူနိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တောင်သူနည်းပညာပေးဆွေးနွေးပွဲများကျင်းပကာ နည်းလမ်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို တောင်သူများ သိရှိနားလည်ရန်လိုအပ်ကြောင်း။ မြို့နယ်တိုင်းရှိ ကျေးရွာရပ်မိရပ်ဖများအား စိုက်ပျိုးရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့်ပတ်သက်၍ မိတ်ဆက်ပေးကြရမည်ဖြစ်ကြောင်း။ ရပ်ရွာတိုင်းတွင် သတင်းအချက်အလက်ရရှိရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်အသုံးပြုခြင်း။ တောင်သူများပါဝင်သည့် သီးနှံစုံရောင်းချသော အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ တည်ထောင်ခြင်း။ အွန်လိုင်းမှတစ်ဆင့် မျိုးစေ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်မျှဝေခြင်း။ မျိုးစေ့ရောင်းချခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေလိုကြောင်း။ တောင်သူကြီးများအား အထူးမှာကြားလိုသည်မှာ စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ အလေအလွင့်နည်းအောင် စနစ်တကျဆောင်ရွက်ခြင်း။ ရေကို စနစ်တကျစီမံခန့်ခွဲခြင်း။ စပါးနှစ်သီးစိုက်ခင်းများတွင် စပါးရိုးပြတ်များကို ရေမြှုပ်၍ ထယ်ရေးပြင်ခြင်းသည် မြေဆီလွှာမှ မီသိန်းဓာတ်ငွေ့ထွက်ရှိမှုကို အားပေးခြင်းဖြစ်၍ ရှောင်ကျဉ်ရန် လိုအပ်ကြောင်း။ နိုင်ငံ့စီးပွားအစီအစဉ်မှ အခြောက်ခံစက်များ ထူထောင်နိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် သက်ဆိုင်ရာပညာရှင်များက မြေသြဇာဥပဒေအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်တစ်ဦးက မြေသြဇာဥပဒေအကြောင်းသိကောင်းစရာများ၊ မြေသြဇာဥပဒေပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း။ မြေသြဇာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြေသြဇာကော်မတီဖွဲ့စည်းခြင်း၊ မြေသြဇာနည်းပညာအဖွဲ့၊ စစ်ဆေးရေးအဖွဲ့၊ မြေသြဇာမှတ်ပုံတင်လက်မှတ်၊ မြေသြဇာသိုလှောင်လိုင်စင်နှင့် ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်လျက်ရှိပြီး သဘာဝမှပေးထားသည့် ရာသီဥတုနှင့်မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့်မွေးမြူရေးလုပ်ငန်းများ ကောင်းမွန်စွာဖြစ်ထွန်းသည့် နိုင်ငံဖြစ်သောကြောင့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကြက်မောက်တောင် ရေလှောင်တမံရေဝင်ရောက်မှုနှင့် ရေပေးဝေရေးတူးမြောင်းများသဲနုန်းတူးဖော်ခြင်း စစ်ဆေး



**ညောင်ဦး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းမကြီးဘေးရှိ ကြက်မောက်တောင်ဆည်ရေလှောင်တမံရေဝင်ရောက်မှုအခြေအနေနှင့် ရေပေးဝေသည့် မြောင်းမကြီးများ လုပ်ကိုင်ဆောင်ရွက်နေမှုတို့အား ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ကြက်မောက်တောင် ရေလှောင်တမံရေဝင်ရောက်မှု၊ ရေပေးမြောင်းအတွင်း သဲနုန်းတူးဖော်ဆောင်ရွက်နေမှုတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြက်မောက်တောင်ရေလှောင်တမံ ရှင်းလင်းဆောင်တွင် မြင်းခြံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(၂)က ကြက်မောက်တောင်ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေ၊ နှစ်အလိုက် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများအား ဆည်ရေပေးဝေ၍ စိုက်ပျိုးနိုင်မှုအခြေအနေများအားလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တူးမြောင်းများ ပြင်ဆင်ခြင်းလုပ်ငန်းများအားလည်းကောင်း ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက ဆည်ရေပေးဝေရေးစနစ်တကျကောင်းမွန်စေရေး၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းကိုက်ညီစေရေး၊ အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။ ထို့နောက် ကြက်မောက်တောင် ရေလှောင်တမံရေထုတ်ပြွန်တွင် ဆည်ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုအခြေအနေ၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ယခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ်၊ ကြက်မောက်တောင်ရေကျော်တမံမှ မိုးစပါး ဧက(၄၈၀၀) စိုက်ပျိုးနိုင်ရန် လျာထားလျက်ရှိကြောင်း၊ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ ဝိုင်းဝန်းကြိုးကြပ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကြက်မောက်တောင်ဆည်ရေသောက်စနစ်လက်ယာမြောင်းမကြီး ပေတိုင် ၁၁၅၀၀ မှ ၄၀၀၀၀ အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် မြောင်းပုံစံကျပြုပြင်ခြင်းလုပ်ငန်းအား Global con ; Consulting Co,LTD မှ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး၊ အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ကိုက်ညီစွာဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာဌာနနှင့် ကုမ္ပဏီတို့မှကြီးကြပ် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၈၁)

## အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) သင်တန်းသား၊ သင်တန်းသူများ ကြံ့ခိုင်မှုစွမ်းရည်စစ်ဆေး



**မန္တလေး ဇူလိုင် ၂၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်မှုစွမ်းရည်စစ်ဆေးခြင်းကို ဇူလိုင် ၂၆ ရက်နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင်ပြုလုပ်သည်။ သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက်ရှိသင့်သည့် ကြံ့ခိုင်မှုစွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက ကြံ့ခိုင်မှုစွမ်းရည် ၅ မျိုးစစ်ဆေးကြရာ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုကြသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ ခု၊ ငွေ ၄၇ ခု၊ ကြေး ၈၀ ခု စုစုပေါင်းဆုတံဆိပ် ၁၆၁ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မောင်ပြည်သူ)**

## ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာ(စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာ (စီးပွားရေးတက္ကသိုလ်အဝင်) လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ဇူလိုင် ၂၆ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးလှခိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးလှခိုင်နှင့် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေ ၃၁၆ ဒသမ ၈၃၈ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ 0.87km x 3.66m x 375mm ရှိ ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာ (စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၆၉)



**သင့်သွေးဖြင့် အသက်ကယ်ပါ။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မင်းဘူးမြို့ရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ၂၀၂၆ ခုနှစ် တတိယသုံးလပတ်ထက်စော၍ ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းသည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ပထမအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နေမှုနှင့် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီးက ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ချုပ်ဆိုထားသည့်စာချုပ်များကို ပြန်လည် စိစစ်၍ စာချုပ်ပါအတိုင်း ပြီးစီးနိုင်ရေး မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားရန်နှင့် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လာမည့် နွေရာသီအမီ ဖြစ်နိုင်ခြေရှိသော ရှိပြီးသား စီမံကိန်းများမှ ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသဖြင့် ဒုတိယ အဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်ရေးပြီးစီးရန် သတ်မှတ်ထားသည့် ၂၀၂၆ ခုနှစ် တတိယသုံးလပတ်ထက် စော၍ ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေး မြေပြုပြင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပထမ အဆင့် ၄၀ မဂ္ဂါဝပ်မှ Solar Panel များ တပ်ဆင်ထားရှိမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ် (National Grid System)သို့ ချိတ်ဆက်ပို့လွှတ်ပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လက်ရှိအချိန်တွင် နိုင်ငံခြားသားပညာရှင်များနှင့်တွဲဖက်၍ ဓာတ်အားထုတ်လုပ်မောင်းနှင်ဆောင်ရွက်နေရသော်လည်း မိမိတို့ဝန်ထမ်းများဖြင့် ဓာတ်အား ထုတ်လုပ်မောင်းနှင်ရန် လိုအပ်လာပါက ထိန်းညှိမောင်းနှင်နိုင်ရန်အတွက် ယခုအချိန်မှစပြီး ကျွမ်းကျင်မှုရှိစေရေး နည်းပညာဆိုင်ရာ အတွေ့အကြုံများရယူ၍ လေ့လာဆည်းပူးထားရန် လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ရှိ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးတွင် မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



အစည်းအဝေးတွင် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်ရန်နှင့် တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများ မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားလိုင်းများ တစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်သွားရန်၊ မိမိတို့ဌာနအနေဖြင့် အများပြည်သူနှင့် ဆက်ဆံ၍ ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံပြီး ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကိုမြှင့်တင်၍ ပြည်သူလူထု လေးစားရသော ဝန်ထမ်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့အား ပေးအပ်ထားသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားရန် လိုအပ်ပြီး ဝန်ထမ်းများ၏ ဆောင်ရွက်မှုများအပေါ် တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုံခြုံရေးအသိ၊ သတိဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## နောင်ချိုမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)၌ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ကျောင်းပြန်လည် တက်ရောက်ကြမည့်ကျောင်းသား ကျောင်းသူများအား နိုင်ငံတော် အစိုးရနှင့် တပ်မတော်က ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်း (လောက်ဖန်း)၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီး မြင့်ဟိန်းက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ် စုံ ၁၅၀၊ ခဲတံ ဒါဇင် ၅၀၊ ဘောပင် အချောင်း ၃၀၀နှင့် ကျောင်းဝတ်စုံ ၁၅၀ တို့ကို ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော် အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့မှ ကျောင်းသား ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့် ဒေသများရှိ ကျောင်းသား ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး အတွက် တပ်မတော်၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထု တို့ ပူးပေါင်း၍ အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၉၆၀၄ ဧကရှိသော နယ်မြေကို **“ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၇၃/၂၀၂၅)အရ ၁၃၈၇ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃) ရက်၊ (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့်ဒီရေတော ဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဆင်ကူးကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနု၊ မဒမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ နံ့ဖြူး(ငှက်)နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတော သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



# EV သင်တန်းများကို ပြင်ပ EV လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့်အညီ တိုးချဲ့ဖွင့်လှစ်သွားရန်ရှိ

နေပြည်တော် ဇူလိုင် ၂၇

EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း(၂/၂၀၂၅) ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်က အစိုးရစက်မှုလက်မှု သိပ္ပံ (အင်းစိန်)၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက EV နည်းပညာကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ နောက်ကျမကျန်ခဲ့ရအောင် နည်းပညာအသစ် အဆန်းများကို အစဉ်လေ့လာကြိုးပမ်းဆောင်ရွက်သွားရန်၊ သင်တန်းများကို စံနှုန်းများနှင့်အညီ ဖွင့်လှစ်ကာ ကျွမ်းကျင်သူများအား စဉ်ဆက်မပြတ်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ EV သင်တန်းများကို ပြင်ပ EV လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့်အညီ တိုးချဲ့ဖွင့်လှစ်သွားရန်ရှိကြောင်း၊ ပြည်သူများ၏ လက်ဝယ်အရောက် EV အသိပညာဖြန့်ဝေမှုများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်သွားရေး ဌာနဆိုင်ရာများနှင့် EV ပြင်ပအဖွဲ့အစည်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့်မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ် ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများဖြင့် ဇူလိုင် ၇ ရက်မှ ၂၅ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့် ပို့ချခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများမှ သင်တန်းသား ၁၇ ဦးနှင့် ဌာနများမှ သင်တန်းသား ခြောက်ဦး တက်ရောက်ကြကြောင်း သိရသည်။




သတင်းစဉ်

# တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာရေးထိုးမှု (၁၉)ခု ရေးထိုးထားပြီး ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၂၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ် - အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ တရုတ် - အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် အခမ်းအနား တက်ရောက်လာကြသည့် နိုင်ငံအလိုက် အဆင့်မြင့်အရာရှိကြီးများက စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက "Smart Education Empowering people to people Exchanges and Educational Cooperation " ခေါင်းစဉ်ဖြင့် ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ပညာရေးသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း သာယာဝပြောရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှု စာချွန်လွှာ(MoU) ရေးထိုးခြင်းသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအကြား အသိပညာဖလှယ်ခြင်း၊ သုတေသန ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းပညာဖလှယ်ခြင်းတို့အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာရေးထိုးမှု(၁၉)ခု ရေးထိုးထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားပြီး ဒုတိယဝန်ကြီးနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် "Industry - Education for Development" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော အာဆီယံနိုင်ငံများ၏ ပညာရေးအဆင့်မြင့် အရာရှိကြီးများက တက္ကသိုလ်များမှ ထူးချွန်သူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့မှ မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဟန်က "Teacher Exchange and Cooperation" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဆင်ပေါင်ဝဲမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ဆင်ပေါင်ဝဲ ဇူလိုင် ၂၇

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့၌ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများသည် ယမန်နေ့က ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန် မြို့နယ်စည်ပင်သာယာရေးဈေးတွင် ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

**ဥတုရာသီ တောကိုမှီ၏။**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ်(၈ / ၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၆၆ ပုဒ်မခွဲ (က)၊ ၁၉၉၁ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားခဲ့သော ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈၊ ၂၉၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) ပုဒ်မ ၄၆၊ ၄၇ နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်း ကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား၊ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြု တိုက်တွန်းလျက်ရှိပါသည်။

၃။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်စာရင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၆ ဦး၊ စုစုပေါင်း အကျဉ်းသား ၁၆ ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၃ ဘာသာ ဂုဏ်ထူးရှင် ၆ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၄ ဦးနှင့် ၁ ဘာသာ ဂုဏ်ထူးရှင် ၄ ဦး ပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ၁ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်း မန္တလေးမှ ၁ ဦး၊ လားရှိုးလူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ လပွတ္တာ လူငယ့်အားမာန် သင်တန်းကျောင်းမှ ၁ ဦး၊ စုစုပေါင်း သင်တန်းသား ၅ ဦးလည်း ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူ အကျဉ်းထောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူများနှင့် သင်တန်းသားများ၏ ပညာသင်ယူခွင့် အခွင့်အရေးဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

# နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)တို့၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ဒေသခံ တိုင်းရင်းသားမိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ (လောက်ဖန်း) တို့၌ ကျောင်းအပ်စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ



ယနေ့ အဆိုပါကျောင်းများ၌ လာရောက် ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူ ၁၀၅ ဦးရှိပြီး ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများထံသို့ တစ်ပါတည်း ပေးအပ်ကြသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာနှင့် သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၇၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုး



မအေးချမ်းပြည့်



မောင်ဟိန်းမင်းကို



မနန်းရတီထွန်း



မနှင်းအိန္ဒြာ



မကြည်နူးမေ

❒ ရွှေဖုံးမှ

ယနေ့နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျ ကြည့်ရှုနိုင်စေရေး ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီနှစ်အောင်ချက်က မနှစ်ကထက် ကောင်းမွန်ပါတယ်။ မန္တလေးမြို့မှာ သဘာဝဘေးအန္တရာယ်နဲ့ကြုံတွေ့ပြီး ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတော့ ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာနဲ့ လေးဘာသာဂုဏ်ထူးတွေလည်း ထွက်ရှိပါတယ်။ ဒီနှစ်ကတော့ ကျန်တဲ့နှစ်တွေထက်ကို နှစ်ဆလောက် ပိုပြီးဂုဏ်ယူရတဲ့ နှစ်တစ်နှစ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ Grade - 12 ကျောင်းသား ၁၁၂ ယောက် ရှိပါတယ်။ ဒီ ၁၁၂ ယောက်မှာ ၅၇ ရာခိုင်နှုန်း အောင်ပါတယ်။ စာမေးပွဲကို ပျက်ကွက်မရှိ ပြန်လည်ဖြေဆိုကြပြီး ဒီလိုရာခိုင်နှုန်းရရှိတဲ့အတွက် အင်မတန်ကျေနပ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စသည်ဖြင့် ဘယ်ကျောင်းကပဲ အောင်မြင်ပါစေ အရေးကြီးတာက နိုင်ငံတော်ကို အကျိုးပြုမယ့် ကျောင်းသား ကျောင်းသူတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီနေ့ကတော့ အားလုံးအတွက် မင်္ဂလာရှိတဲ့ နေ့လေးတစ်နေ့ဖြစ်တယ်လို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးချမ်းပြည့်က "သမီးအနေနဲ့ ဒီလိုဂုဏ်ထူးတွေရရှိအောင် ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတဲ့ ဘာသာရပ်အလိုက် သင်ခန်းစာတွေကို သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒီလို ကြိုးစားခဲ့တဲ့အပေါ်မှာ အခုလို အကျိုးရလဒ်ရတဲ့အတွက် ကျေနပ်မိပါတယ်။ သမီးအနေနဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့ ရည်မှန်းချက်ရှိပါတယ်။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ပြည်သူတွေကို ဆေးကုသပေးမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကျောင်းသင်ခန်းစာတွေကို အားထုတ်ကြိုးစားလေ့လာမယ်ဆိုရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ရည်မှန်းချက်ကို ရောက်ရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၀၊ လေးဘာသာဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉၉၃ ဦး ထွက်ပေါ်ခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆဋ္ဌမအဆင့်ရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် မောင်ဟိန်းမင်းကိုက "ကျွန်တော့်အနေနဲ့ ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပြီးပြတ်အောင် ကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားတဲ့အချိန်မှာလည်း သေချာဂရုစိုက် နားထောင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတဲ့အခါမှာလည်း အကောင်းဆုံး ကြိုးစားဖြေဆိုခဲ့ပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ငယ်ငယ်ကတည်းက သင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ငယ်စဉ်ကတည်းက ခွဲစိတ်ဆရာဝန် တစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်"ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနန်းရတီထွန်းက "ကျောင်းစဖွင့်ကတည်းက CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ ဆရာမတွေရဲ့ သင်ပြလမ်းညွှန်မှုအောက်မှာ သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒါကြောင့် အခုလို အောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေဆိုတုန်းက အခက်အခဲတချို့ရှိခဲ့ပါတယ်။ ပြီးတော့ သဘာဝဘေးကြောင့် ဒုတိယတစ်ကြိမ် ထပ်ဖြေရမယ်ဆိုတော့ စိတ်ဓာတ်ကျချင်ပေမယ့် ကြိုးစားမှ ဖြစ်မယ်ဆိုတဲ့စိတ်နဲ့ ထပ်ပြီးကြိုးစားဖြေဆိုခဲ့တာ ဖြစ်ပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးရရှိတဲ့အတွက် သမီး ငယ်ငယ်ကတည်းက ရည်မှန်းခဲ့တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ သမီး အခုလို အောင်မြင်မှုရအောင် သမီးရဲ့ နောက်ကွယ်ကနေ ပံ့ပိုးပေးတဲ့ မိဘတွေနဲ့ သင်ကြားပြသပေးတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ကျေးဇူးအများကြီးတင်ရှိပါတယ်"ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနှင်းအိန္ဒြာကလည်း "သမီး ဒီလိုခြောက်ဘာသာဂုဏ်ထူးထွက်အောင် တစ်နေ့စာတစ်နေ့ ကြိုးစားသင်ယူကျက်မှတ်ခဲ့ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေစဉ်က အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။ ဒုတိယအကြိမ် ဖြေဆိုရမယ်လို့ သိရတဲ့အခါ စိတ်ဓာတ်မကျဘဲ မလျှော့သောဇွဲလုံ့လနဲ့ ပြန်လည်ကြိုးစားဖြေဆိုခဲ့ပါတယ်။ သမီးအနေနဲ့ ဒီလိုခြောက်ဘာသာဂုဏ်ထူး ရရှိမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီလိုအောင်မြင်မှုရရှိအောင် ထောက်ပံ့ပေးတဲ့ အဖေနဲ့ အမေကို ကျေးဇူးတင်ပါတယ်။ သေချာသင်ကြားပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ တက္ကသိုလ်ကတော့ ရွေးချယ်နေတုန်းပဲရှိပါတယ်" ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မကြည်နူးမေက "စာမေးပွဲ အောင်စာရင်းမထွက်ခင် အချိန်အထိ အလွန်ကို စိတ်လှုပ်ရှားနေပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် တစ်နေ့စာတစ်နေ့ ပုံမှန်လုပ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတာတွေကိုလည်း နားထောင်ပြီး လေ့လာကျက်မှတ်ပါတယ်။ ဆရာမတွေ လမ်းညွှန်ပေးထားတဲ့အတိုင်းပဲ လုပ်ခဲ့တာပါ။ မနက်အစောထပြီး စာကျက်ခဲ့ရပါတယ်။ ကိုယ်လုပ်ချင်တဲ့အရာတွေကို လျှော့ပြီး စာဘက်ကိုပဲ အာရုံစိုက်လုပ်ခဲ့ရပါတယ်။ သမီးကို ပံ့ပိုးပေးတဲ့ ဆရာ ဆရာမတွေ၊ မိဘတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘယ်လိုအခက်အခဲပဲရှိရှိ အရှုံးမပေးဘဲ ကြိုးစားရင် အောင်မြင်မှုရရှိမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ခြောက်ဦး ဝင်ရောက်ဖြေဆိုခဲ့ကြရာ သုံးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး ထွက်ပေါ်ခဲ့ပြီး ရာခိုင်နှုန်းပြည့် အောင်မြင်ခဲ့သည်။

**(မန္တလေးနေ့စဉ်-၉)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

## နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌လည်းကောင်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန Website၌လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်ဖြေဆိုသူ ၁၂၄၀၇ ဦးရှိသည့်အနက် အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘများသည် စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြသည်။



ကျောင်းအုပ်ဆရာကြီး
ဦးဝင်းမြင့်ဦး



ကျောင်းအုပ်ဆရာကြီး
ဦးဝင်းခိုင်



ဓိဝဗေဒဘာသာရပ်ဂုဏ်ထူးဖြင့်
အောင်မြင်သူ မောင်ပိုင်ထက်ဦး



အင်္ဂလိပ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊
ဓိဝဗေဒဂုဏ်ထူးများဖြင့်
အောင်မြင်သူ မကြည်နူးဆက်

ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ကျွန်တော့် စာစစ်ဌာနအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၃၃၉ ဦးရှိခဲ့ပြီး ဖြေဆိုအောင်မြင်သူ ၁၁၃ ဦးရှိပါတယ်။ ဒါကြောင့် အောင်ချက်ရာခိုင်နှုန်း အနေနဲ့ ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိပါတယ်။ ဂုဏ်ထူး ရရှိမှုအနေနဲ့ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူး ရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၆ ဦး ထွက်ရှိတဲ့အတွက် စုစုပေါင်း ဂုဏ်ထူးရှင် ၄၈ ဦးရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲတွေကြားကနေ ကြိုးစားအားထုတ်ပြီး အောင်မြင်မှုရရှိအောင် ကြိုးစားဖြေဆိုခဲ့တဲ့ ကျောင်းသားကျောင်းသူတွေအစား ဂုဏ်ယူမိပါတယ်။ စာမေးပွဲ ပြန်လည်ဖြေဆိုကြဖို့ တွန်းအားပေးခဲ့ကြတဲ့ မိဘ တွေကိုလည်း ကျေးဇူးတင်ပါတယ်။ စာမေးပွဲမအောင် မြင်ခဲ့ကြတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ လည်း စိတ်အားငယ်စရာမလိုဘဲ ဆက်လက်ကြိုးစား ဖြေဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီနှစ် Grade-12 တက်ရောက်ကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း ရှေ့က အစ်ကိုတွေ အစ်မတွေရဲ့ အခက်အခဲတွေကြားကနေ တက္ကသိုလ် ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြပြီး အောင်မြင် မှုရယူခဲ့ကြတာကို အတုယူကြစေလိုပါတယ်" ဟု ပြောသည်။

အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "ကျွန်တော့် ကျောင်းမှာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဓိဝဗေဒဘာသာတွဲ ၄၈ ဦး ဝင်ရောက်ဖြေဆိုမှုမှာ အောင်မြင်သူ ၃၀ နဲ့ ဘောဂဗေဒဘာသာတွဲမှာ အောင်မြင်သူ သုံးဦးဖြစ်တဲ့အတွက် အောင်မြင်မှု ရာခိုင်နှုန်းက ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ လေးဘာသာ တစ်ဦး၊ သုံးဘာသာ ငါးဦး၊ နှစ်ဘာသာ၊ တစ်ဘာသာနဲ့ စုစု ပေါင်း ၂၇ ဦး ဖြစ်ပါတယ်။ ဒုတိယအကြိမ်ဖြေဆိုမှု အတွက်လည်း ကျောင်းသား ကျောင်းသူတွေ မျှော်မှန်း သလိုဖြစ်ခဲ့တယ်လို့လည်း ယုံကြည်ပါတယ်။ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူများနဲ့ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအတွက် သူတို့ရဲ့ မိဘတွေကိုယ်စားလည်း ဂုဏ်ယူပါတယ်။ သူတို့တွေဖြစ်ချင်တဲ့ ဆန္ဒနဲ့ ကျောင်းကောင်းကောင်း တွေကို တက်ရောက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျရှုံးတဲ့ ကျောင်းသား ကျောင်းသူတွေလည်း စိတ်ဓာတ်မကျဘဲ ခွန်အားအသစ်တွေနဲ့ ဆက်လက် ဖြေဆိုကြိုးစားကြပါလို့ပြောချင်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲက အခြေခံပညာရဲ့ အမြင့်ဆုံးစာမေးပွဲ ဖြစ်ပါတယ်။ ဒီစာမေးပွဲက ကလေးတွေကိုယ်တိုင် ကြိုးစားမှုသာလျှင် ရည်မှန်းတဲ့ပန်းတိုင်ကို ရောက်ရှိ မှာဖြစ်လို့ ဇွဲ၊ ဝီရိယ၊ လုံ့လတွေနဲ့ ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်" ဟုပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြေဆိုအောင်မြင်မှု အနေဖြင့် ပျဉ်းမနားမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၄၇၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၆၉၉ ဦး စုစုပေါင်း ၁၁၇၈ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူပေါင်း ၂၁၄ ဦး၊ ရိုးရိုးအောင် မြင်သူ ၃၈၈ ဦး စုစုပေါင်း ၆၀၂ ဦး၊ အောင်ချက်ရာခိုင် နှုန်း ၄၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၃၇၀၊ ရိုးရိုး အောင်မြင်သူ ၇၉၉ ဦး စုစုပေါင်း ၁၁၆၉ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၇ ဒသမ ၁၈ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၆၀၊ ရိုးရိုးအောင်မြင်သူ ၁၀၁ ဦး စုစုပေါင်း ၁၆၁ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၅ ဒသမ ၆၁ ရာခိုင်နှုန်း၊ ဥတ္တရသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၂၄၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၃၄ ဦး စုစုပေါင်း ၅၇၈ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၈၈ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၆၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၅၇၂ ဦး စုစုပေါင်း ၈၄၁ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၁၉၆ ဦး၊ ရိုးရိုး အောင်မြင်သူ ၄၁၄ ဦး စုစုပေါင်း ၆၁၀၊ အောင်ချက် ရာခိုင်နှုန်း ၄၃ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၁၉၉ ဦး၊ ရိုးရိုး အောင်မြင်သူ ၄၀၃ ဦး စုစုပေါင်း ၆၀၂ ဦး၊ အောင်ချက် ရာခိုင်နှုန်း ၃၈ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓိဝဗေဒဘာသာရပ် ဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ပိုင်ထက်ဦးက "ကျွန်တော် ဂုဏ်ထူးရရှိတဲ့အပေါ် အင်မတန်ဝမ်းသာ ပါတယ်။ ဂုဏ်ထူးတွေ အများကြီးမျှော်မှန်းခဲ့ပေမယ့် တစ်ဘာသာပဲထွက်ခဲ့ပါတယ်။ ကျန်တဲ့ဘာသာတွေ လည်း အမှတ်များမယ်လို့ ထင်ပါတယ်။ ဒုတိယ အကြိမ် ဖြေဆိုမှုကိုလည်း ကျေနပ်အားရမှုရှိပါတယ်။ ပထမအကြိမ်ဖြေဆိုမှုရဲ့ အားနည်းချက်တွေကို ပြင်ဆင်မှုရခဲ့ပါတယ်။ ကျွန်တော် အမှတ်စာရင်း အတွက်တော့ ရင်ခုန်နေပါတယ်။ ကျွန်တော်တက်ချင် တဲ့ကျောင်းကို တက်လို့ရမယ်လို့ မျှော်လင့်ထားပါ တယ်။ နောင်လာနောက်သား ညီလေး၊ ညီမလေးတွေ ကိုလည်း တစ်နေ့စာတစ်နေ့ကို လေ့လာလေ့ကျင့်ကြ ပါလို့ ပြောချင်ပါတယ်။ အချိန်ပိုတွေရှိခဲ့ရင် ပြန်လှန် လေ့ကျင့်ခန်းတွေ၊ မေးခွန်းဟောင်းတွေကို လေ့ကျင့် ကြပါလို့ ပြောချင်ပါတယ်။ ကျရှုံးတဲ့ သူငယ်ချင်းတွေ ကိုလည်း အားမလျှော့ဘဲ ဆက်လက်ကြိုးစားဖြေဆို ကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်၊ ဓာတု ဗေဒ၊ ရူပဗေဒ၊ ဓိဝဗေဒဂုဏ်ထူးများဖြင့် အောင်မြင်သူ မကြည်နူးဆက်က "အခုလို လေးဘာသာဂုဏ်ထူး ရရှိမှုအပေါ် အင်မတန်ဝမ်းသာပါတယ်။ ဘာသာစုံ ဂုဏ်ထူးထွက်ဖို့ မျှော်မှန်းပြီး ကြိုးစားခဲ့တာဖြစ်ပါ တယ်။ ကျန်တဲ့ နှစ်ဘာသာမှာ လွဲချော်မှုလေးရှိခဲ့တယ် လို့ ထင်ပါတယ်။ ဂုဏ်ထူးမထွက်ခဲ့ပေမယ့် အမှတ် ကောင်းမယ်လို့ ထင်ပါတယ်။ ကျောင်းပုံမှန်တက်ပြီး တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းတွေလုပ်တဲ့ အချိန်မှာ တစ်နေ့စာတစ်နေ့ လေ့လာခဲ့တာတွေက အထောက် အကူပြုပါတယ်။ သင်ခန်းစာတွေကို တစ်နေ့စာ တစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ရင်း တစ်နှစ်တာကို ဖြတ်သန်းခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် စာမေးပွဲ ဖြေဆိုမှုက အခွင့်အရေးတစ်ခုဖြစ်ခဲ့လို့ ကျေနပ်အားရ မှုရှိခဲ့ပါတယ်။ ပထမအကြိမ်က အမှားတွေ၊ အားနည်း မှုတွေကို ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ နောက်ဖြေဆို မယ့် မောင်လေး၊ ညီမလေးတွေကို Grade -12 က စိတ်ပင်ပန်းရမယ့် အတန်းမဟုတ်ဘူးလို့ ပြောချင်ပါ တယ်။ တစ်နေ့စာ တစ်နေ့၊ တစ်ပတ်စာ တစ်ပတ် သင်ခန်းစာတွေကို သေချာလေ့ကျင့်မယ်ဆိုရင် အောင်မြင်အောင် ဖြတ်ကျော်နိုင်မယ့် အတန်း ဖြစ်ပါတယ်။ ဂုဏ်ထူးတွေပါ မှန်းမယ်ဆိုရင်တော့ ဇွဲ၊ ဝီရိယ၊ လုံ့လတွေကို ပိုပြီးအားစိုက်ထည့်ရမှာ ဖြစ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းနဲ့ မေးခွန်းဟောင်း တွေကို သေချာလေ့ကျင့်ကြပါလို့ တိုက်တွန်းချင်ပါ တယ်" ဟု ပြောသည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသ ကြီးနှင့်ပြည်နယ်များရှိစာစစ်ဌာနများ၏အောင်စာရင်း များကို မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသား အစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များ ရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

အေးအေးသန့်၊ ကျော်စွာဝင်း
ဓာတ်ပုံ-ကိုထိန်



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းအား အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားမိဘများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြစဉ်။

---

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား ဆင်ခြင်တုံတရားမဲ့စွာဖြင့် ယုတ်မာရက်စက်လူမဆန်စွာ လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ပစ်ခတ်ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည်ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၇

ပဲခူးတိုင်း ဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီးမြို့၏အနောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ပစ်ခတ် ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည် ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများ အပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုအား သိလျှင်သိချင်း တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အဆိုပါကျေးရွာသို့သွားရောက်၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီခန့်တွင် ကျေးရွာ၏အနောက်မြောက်ဘက်နှင့် အရှေ့ဘက်တို့မှ ဝင်ရောက်လာပြီး ကျေးရွာအတွင်းမှ လူမမည် ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများ အပါအဝင် အပြစ်မဲ့ရွာသူ ရွာသားများအား လက်နက်ငယ်များဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ဓားများဖြင့် ခုတ်ဖြတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့သတ်ဖြတ်ခဲ့မှုကြောင့် အသက်(၁၀)လသားအရွယ် ကလေးငယ်တစ်ဦး၊ အသက်(၃)နှစ်အရွယ် ကလေးငယ်နှစ်ဦး၊ အသက်(၄)နှစ်အရွယ် ကလေးငယ်တစ်ဦး၊




KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ်၊ လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား ယုတ်မာရက်စက်လူမဆန်စွာ လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

အသက် (၆)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက်(၇)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက် (၁၀)နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသားရှစ်ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၃ ဦး သေဆုံးခဲ့ပြီး အသက်(၃)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက် (၁၀) နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသားသုံးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးခဲ့သူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရွာသူ ရွာသားများက ထုံးတမ်းအစဉ်အလာများနှင့် အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအား နယ်မြေခံတပ်ဆေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆေးရုံတက် လူနာများအား အားပေးစကား ပြောကြားပြီး စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော အပြစ်မဲ့ရွာသူ ရွာသားများကို ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အကြမ်းဖက် သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့ လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးဖော်ထုတ် အရေးယူနိုင်ရေး လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများအား ဒေသခံ ပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၈ သို့ ❖









KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မှတာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး၊ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက ယုတ်မာရက်စက် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက ယုတ်မာရက်စက် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY– PDF အမည်ခံအဖွဲ့ဝင် ၁၃ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ၁၃ ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် မန္တလေးမြို့ရှိ နယ်မြေခံတပ် ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသည့် MDY–PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ထို့နောက် ၎င်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၅၂ ဦး စုစုပေါင်း ၉၇ ဦး တို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။ ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုလိုပဲ ကြားသိရပါသည် -

MDY–PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့် သူငယ်ချင်းက အလုပ်သွားလုပ်မယ်ဆိုပြီး လိမ်ခေါ်သွားပါတယ်။ လိမ်ခေါ်သွားတဲ့အခါမှာ မိုင်းလုံကို ရောက်ပါတယ်။ မိုင်းလုံရောက်တဲ့ အခါမှာ အကြမ်းဖက်သင်တန်း တက်ရမယ်။ မတက်ချင်ဘူး အိမ်ပဲပြန်ချင်တယ် ပြောတော့ မင်းမတက်ရင် သတ်ပစ်မယ်။ မင်းမိဘတွေကိုလည်း သတ်ပစ်မယ်လို့ခြိမ်းခြောက်တယ်။ အဲဒါကြောင့် သင်တန်းတက်ခဲ့ရတယ်။ သင်တန်းကာလမှာ ခက်ခဲတာတွေလည်းရှိတယ်။ ပင်ပန်းတာတွေလည်းရှိတယ်။ ခွဲခြားပြီး ဆက်ဆံခံရတာတွေလည်း ရှိတယ်။ အစားအသောက်ဆိုရင်လည်း ကောင်းကောင်းမွန်မွန် မကျွေးဘူး။ အငတ်ထားတာတွေလည်းရှိတယ်။ ဒီလိုနဲ့ အကြမ်းဖက်သင်တန်းကို ကျော်ဖြတ်ပြီး သင်တန်းဆင်းခဲ့တယ်။ သင်တန်းဆင်းဆင်းချင်း ရှေ့တန်းကို တန်းပို့တယ်။ ရှေ့တန်း တန်းပို့တဲ့အခါမှာ ငါးလုံးပြွန်ဘက်မှာ တာဝန်ကျတယ်။ တာဝန်ကျတဲ့အချိန်မှာ တပ်မတော်ဘက်က အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါ ကျွန်တော်တို့ လူအင်အား/ လက်နက်အင်အား မမျှလို့ အကြမ်းဖက်အဖွဲ့ထဲက အကြီးအကဲတွေကို နောက်ဆုတ်ချင်တယ်လို့လှမ်းပြီး ပြောတယ်။ မင်းတို့ ဆုတ်လို့မရဘူး။ ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်တော့ ကျွန်တော်တို့လည်း အဲဒီအတိုင်းပဲ နေခဲ့ရတယ်။ တဖြည်းဖြည်းနဲ့ အဲဒီအဖွဲ့အစည်းကို စိတ်ပျက်လာပြီး ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး တိုင်ပင်ကြတယ်။ တပ်မတော်ထဲအလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ သူတို့ကလည်းပြောတယ်။ တပ်မတော်ဘက်သားတွေ သူတို့နဲ့လာပြီး ပူးပေါင်းပါ။ လာပူးပေါင်းရင် ဆုကြေးငွေလည်း ချီးမြှင့်မယ်။ ကောင်းကောင်းမွန်မွန်လည်း ကြိုဆိုမယ်။ တကယ့်တကယ် ပူးပေါင်းလာတဲ့အခါမှာ နွေးနွေးထွေးထွေး ကြိုဆိုတာလည်းမရှိဘူး။ ကောင်းကောင်းမွန်မွန်ဆက်ဆံတာလည်း မရှိဘူး။ ဆုကြေးငွေချီးမြှင့်တာလည်း မရှိဘူး။ သေနတ်တွေယူပြီး သတ်ပစ်လိုက်တာပဲ တွေ့ခဲ့ရတယ်။ PDF အကြမ်းဖက် အဖွဲ့အစည်းမှ ခေါင်းဆောင်တွေက ကျွန်တော်တို့ကိုလည်း ပြောတယ်။ မင်းတို့လည်း ဒီလိုပဲ တပ်မတော်ဘက်ကို အလင်းဝင်မယ်ဆိုရင် နှိပ်စက်ညှဉ်းပန်းပြီးတော့ အသတ်ခံရမှာလို့ ပြောတဲ့အတွက်ကြောင့် ကျွန်တော်တို့လည်း အလင်းဝင်ဖို့ တွန့်ဆုတ်သွားခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ရှေ့က အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေကို ချိတ်ဆက် စုံစမ်းကြည့်တော့ ရတယ်။ လာခဲ့။ အားလုံးအဆင်ပြေတယ်ပြောလို့ ကျွန်တော်တို့တွေလည်း အလင်းဝင်လာခဲ့တယ်။ တကယ်တမ်း အလင်းဝင်တဲ့အခါမှာလည်း တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာ ကြိုဆိုတယ်။ ကောင်းမွန်စွာ ဆက်ဆံတယ်။ မိဘတွေဆီကိုလည်း ကောင်းမွန်စွာပြန်လည်အပ်နှံပေးတယ်။ ကျွန်တော်တို့ အဲဒီမှာ တွေ့ကြုံလာရတာတော့ အကြမ်းဖက်အဖွဲ့အစည်း ခေါင်းဆောင်တွေက ပြည်သူလူထုအတွက် ပြောပြီးတော့ ကျွန်တော်တို့ကို အလုပ်တွေခိုင်းတယ်။ တကယ့်တကယ် ကျွန်တော်တို့ ရှေ့တန်းမှာ တိုက်နေရတာကြတော့ ဘယ်သူ့အတွက် တိုက်လို့ တိုက်နေရမှန်းမသိဘူး။ တကယ်တမ်း မြေပြင်မှာ ဝင်ရောက်ခဲ့တဲ့ မြို့နယ်တွေ/ ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေရဲ့ တန်ဖိုးရှိပစ္စည်းတွေ၊ စားရေရိက္ခာတွေကိုလည်း အတင်းအဓမ္မ ယူခိုင်းတယ်။ လူသစ် စုဆောင်းတာတွေလည်း လုပ်ခိုင်းတယ်။ မလိုက်ချင်ဘူး ငြင်းလို့ရှိရင် ဒလန်လို့ စွပ်စွဲပြီး သတ်ဖြတ်ခဲ့တာတွေကိုလည်း မြင်တွေ့ခဲ့ရတယ်။ အဲဒီလို သူတို့ရဲ့ မကောင်းတဲ့လုပ်ရပ်တွေ၊ မကောင်းတဲ့ အကျင့်စရိုက်တွေ၊ ပြည်သူတွေကို စော်ကားမော်ကား ပြုလုပ်တာတွေကြောင့် မကောင်းတာတွေပဲလုပ်တဲ့ အကြမ်းဖက်အဖွဲ့အစည်းထဲမှာ မနေချင်တော့တာကြောင့် တပ်မတော်ထံ အလင်းဝင်ခဲ့တာဖြစ်တယ်။ ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ သူများပြောစကားကို နားမယောင်ဘဲ ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာပါ။ တပ်မတော်ထံ အလင်းဝင်ပါလို့ ဖိတ်ခေါ်အပ်ပါတယ်။ **သတင်းစဉ်**



---

❖ စာမျက်နှာ ၇ မှ

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများ၏ ပြန်လည်ပြောပြခဲ့သည့် စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

**၁။ အမျိုးသမီး**

လပတ်ရွာမှာ နေတာပါ။ ကျွန်မတို့အိမ်မှာ လူတွေအားလုံး ဝိုင်းစုနေတဲ့အချိန်မှာ သောင်းကျန်းသူတွေ ပစ်ခတ်ပြီးတော့ ဝင်လာပြီး ကျွန်မတို့ကို ဆွဲထုတ်သွားပါတယ်။ ယောကျ်ားလေးတွေကို လက်ပြန်ကြိုးတုပ်၊ ကျွန်မတို့ရှေ့မှာပဲ ကလေးတွေရော၊ ကျွန်မသားလေးကိုရော သေနတ်နဲ့ပစ်၊ ဓားနဲ့ခုတ်သွားပါတယ်။ အဲဒီကနေ အထက်ပိုင်းကို ခေါ်သွားပြီးတော့ နာရီဝက် တစ်နာရီလောက်မှာ ကျွန်မတို့ကိုထားခဲ့လို့ ကျွန်မတို့ကို တပ်မတော်က လာခေါ်ပြီးတော့ ဆေးရုံတင်ပေးခဲ့ပါတယ်။

**၂။ အမျိုးသမီး**

လပတ်ရွာမှာ နေပါတယ်။ အကြမ်းဖက်သမားတွေ ဝင်လာပါတယ်။ သူတို့ပစ်ခတ်ပြီး ကျွန်မတို့ မိသားစုအကုန်လုံးကို ဖမ်းခေါ်သွားပါတယ်။ ယောကျ်ားတွေကိုတော့ ကြိုးတုပ်ခေါ်သွားပါတယ်။ ကလေးတွေနဲ့ မိန်းမတွေကိုတော့ ဒီအတိုင်းပဲ ခေါ်သွားပါတယ်။ ကျွန်မတို့ကို ဒီအတိုင်းထိုင်ခိုင်းပြီးတော့ ဓားတွေနဲ့လည်းခုတ်၊ သေနတ်တွေနဲ့လည်း ပစ်ပါတယ်။ သမီးလေးကို သေနတ်နဲ့ပစ်လို့ ဒီအတိုင်းပဲ လက်နဲ့ကာလိုက်ပါတယ်။ ကျွန်မလက်ကိုလည်း ထိသွားပါတယ်။ ကျွန်မရင်ခွင်ထဲက ဆယ်လသားကလေးလည်း သေသွားပါတယ်။ အဲဒီကနေ ကျွန်မတို့ကို အထက်ပိုင်းကို ခေါ်သွားပါတယ်။ ခေါ်သွားပြီးတော့ နွားတင်းကုပ်ထဲမှာ ထားပါတယ်။ ထားပြီးနာရီဝက် တစ်နာရီလောက်ကြာတော့ တပ်မတော်က ကျွန်မတို့ကို ကယ်ထုတ်သွားပါတယ်။ ဆေးရုံကိုလည်း တင်ပေးခဲ့ပါတယ်။

**၃။ အမျိုးသမီး**

လပတ်ရွာမှာ နေထိုင်ပါတယ်။ အကြမ်းဖက်အဖွဲ့တွေက သေနတ်တွေနဲ့ ပစ်တဲ့အချိန်မှာ ကျွန်မတို့ ရွာသားတွေက ပြေးပြီးတော့ အဘွားခင်မြအိမ်မှာ စုဆောင်းပြီး နေတဲ့အချိန်မှာ အကြမ်းဖက်အဖွဲ့တွေက ဝင်လာပြီးတော့ ကျွန်မတို့အဖွဲ့တွေကို ခေါ်ထုတ်သွားပြီး တစ်အိမ်မှာထားပြီးတော့ ယောကျ်ားသားတွေကိုကြိုးတွေနဲ့တုပ် သေနတ်တွေနဲ့လည်းပစ် ဓားတွေနဲ့လည်းခုတ် သေတဲ့သူတွေလည်းသေ၊ ဒဏ်ရာရသူတွေလည်းရကြပါတယ်။ အဲဒီကနေ ဟိုးအထက်ပိုင်းက နွားတင်းကုပ်ကို ခေါ်သွားပြီး တော်တော်လေးကြာအောင်ထားပြီး သူတို့လည်း ပြန်သွားပြီးတော့ ကျွန်မတို့ကို တပ်မတော်က လာခေါ်သွားလို့ ဆေးရုံရောက်ခဲ့ပါတယ်။ **သတင်းစဉ်**







## ငလျင်ဘေးအန္တရာယ်ဆိုင်ရာ လက်တွေ့ဇာတ်တိုက်၊ လေ့ကျင့်သရုပ်ပြသခြင်း ဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ လက်တွေ့ဇာတ်တိုက်၊ လေ့ကျင့်သရုပ်ပြသခြင်းအခမ်းအနားကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်ကြီးရပ်ကွက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မန္တလေး)၌ ကျင်းပရာ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇာမွန်ဦးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်သူဇာအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန့်ဇင်လင်းနှင့် ကျန်းမာရေး ဆရာမများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ကြသည်။



အဆိုပါ သရုပ်ပြပွဲတွင် ငလျင်ဖြစ်ပွားကြောင်း အချက်ပြဥသြသံပေးခြင်းကိုလည်းကောင်း၊ စာသင်ခန်းများအတွင်းရှိ ကျောင်းသူများက တုံ့ပြန်ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ စာသင်ခန်းများအတွင်းရှိ ကျောင်းသူများမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာန၊ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းဝင်များက စာသင်ခန်းများအတွင်း ပိတ်မိနေသည့်ကျောင်းသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှ ကယ်ဆယ်လာသူများကို ရေးဦးပြုစုခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကိုလည်းကောင်း၊ အရေးပေါ်ကုသရေးနေရာသို့ ပို့ဆောင်ပေးခြင်းကိုလည်းကောင်း၊ ကျောင်းသူများအား ပျောက်ဆုံးမှု ရှိ၊ မရှိ စစ်ဆေးခြင်းကိုလည်းကောင်း အသီးသီး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြကြောင်း သိရသည်။ (ဓပုံ)

(၀၉၃)



## ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မိုင်းဆတ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်အတွင်းရှိ ပြည်သူများ ရေဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းစဉ်များကို နားလည်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရှမ်း၊ မြန်မာ၊ အာခါ၊ လားဟူဘာသာတို့ဖြင့် ထုတ်ဝေထားသော အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ပူးပေါင်း၍ မိုင်းဆတ်မြို့မဈေးနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ၊ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွနေရာများ၌ ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်များပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Hand Speaker ဖြင့် အသိပညာပေး နှိုးဆော်ခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခွဲတွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရဲကင်းစခန်းရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မော်ဟန်ကျေးရွာဘက်မှ မိုးညှင်းမြို့ဘက်သို့ မိုးညှင်းမြို့နယ်၊ နတ်ကြီးကုန်းရပ်ကွက်နေ စံဌေး(ခ) အားဆန်း(၄၀)နှစ်ဆိုသူ မောင်းနှင်လာသည့် MDY-15/2P-xxxx NISSAN X-TRAIL အဖြူရောင်မော်တော်ယာဉ်အားလည်းကောင်း၊ အလားတူ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၄ မိုင် ၇ ဖာလုံရှိ စစ်ဆေးရေးဂိတ်၌ ဖြူးအမြန်လမ်းမကြီးရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်နေ ကျော်စွာထွန်း(၃၄)နှစ်ဆိုသူ မောင်းနှင်လာသည့် MDY-18/1L-xxxx SUPER CUSTOM အဖြူရောင် မော်တော်ယာဉ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကျောက်ငုရပ်ကွက်နေ မင်းထက်ပိုင်(၃၃)နှစ်ဆိုသူ မောင်းနှင်လာသည့် MDY-10/5P-xxxx NISSAN CARAVAN အဖြူရောင် မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်များနှင့် ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် စံဌေး(ခ)အားဆန်း၊ ကျော်စွာထွန်းနှင့် မင်းထက်ပိုင်ဆိုသူတို့ သုံးဦးအား သက်ဆိုင်ရာ ရဲစခန်း အသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀





## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မြစ်သားမှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Toyota HiLux တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ၉၁ မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းအရ လိုင်စင်မဲ့ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့ ဆိုင်ကယ် ၂၇ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ် သတင်းအဖွဲ့)

## ၂၂ ဘီး မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောရှိ ဆိုင်ကယ်အား ဝင်တိုက်မိ

**နေပြည်တော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ၂၂ ဘီး မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံးကာ အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ ပန်စုံကျေးရွာအနီး တောင်ကြီး-ဆီဆိုင်ကားလမ်း ကီလိုမီတာတိုင်အမှတ် 2 KM နှင့် 2.5 KM ကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျောက်တလုံးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်နေ ဦးချစ်စိန်(၃၈)နှစ်ဆိုသူမောင်းနှင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်နေ ဦးနန်းထက်အောင်(၃၆)နှစ်ဆိုသူ လိုက်ပါလာသည့် YGN-40/3S-xxxx DONGFENG ၂၂ ဘီး မော်တော်ယာဉ်သည် တောင်ကြီးမြို့ဘက်မှ ဆီဆိုင်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ LUOJIA ဆိုင်ကယ်အား ဝင်ရောက်တိုက်မိပြီး မော်တော်ယာဉ် တိမ်းမှောက်သွားခဲ့သဖြင့် ဆိုင်ကယ်ပေါ် လိုက်ပါလာသူ ဒေါ်နန်းဖွယ်(ခ)မူနန်းဖွယ်တွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ရာ ဦးချစ်စိန်ဆိုသူအား ကျောက်တလုံးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဓပုံ)


(မန္တလေးနေ့စဉ် သတင်းအဖွဲ့)

# အနာဂတ်အတွက် ကြိုးမဲ့လျှပ်စစ်နည်းပညာ

၂၇-၇-၂၀၂၅ ရက်စွဲ စာမျက်နှာ ၆ မှအဆက်-

သံလိုက်စက်ကွင်းပြောင်းလဲမှုမှတစ်ဆင့် ဝါယာကြိုးထဲမှာ လျှပ်စစ်စီးဆင်းစေပြီး လျှပ်စစ်စီးကြောင်းများကို ဖြစ်ပေါ်စေပါသည်။ ကြိုးမဲ့လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့်အခြေအနေမှာ လျှပ်စစ်စွမ်းအင်ကို ပါဝါအရင်းအမြစ် (အားသွင်းခုံ)မှ လက်ခံသူ(စမတ်ဖုန်း သို့မဟုတ် လျှပ်စစ်ကား)ဆီသို့ လွှဲပြောင်းပေးနိုင်ရန် လျှပ်စစ်သံလိုက်လှိုင်းကို အသုံးပြုခြင်းဖြစ်ပါသည်။ လက်ခံမည့် ပစ္စည်းအတွင်းမှာရှိသည့် ဝါယာကြိုးတစ်ခုအတွင်း လျှပ်စီးကြောင်းကို တွန်းပို့နိုင်သည့် ပါဝါရင်းမြစ်နားတွင် သံလိုက်စက်ကွင်းတစ်ခု ဖန်တီးပြီး လျှပ်စစ်စီးကြောင်းကို စက်ပစ္စည်းအတွက် ပါဝါပေးဖို့ သို့မဟုတ် ဘက်ထရီအားသွင်းဖို့အတွက် အသုံးပြုနိုင်ခြင်းဖြစ်သည်။ Resonance ဆိုသည်မှာ အရာဝတ္ထုတစ်ခုခု အချိန်အပိုင်းအခြားအလိုက် အားတစ်ခုခုနှင့် ထိတွေ့သည့်အခါမှာ သီးခြားကြိမ်နှုန်းတစ်ခုစီ တုန်ခါစေသည့် ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ကြိုးမဲ့လျှပ်စစ်ကို အသုံးပြုသည့် အခြေအနေမှာ ပါဝါအရင်းအမြစ်နှင့် လက်ခံပစ္စည်းကြား စွမ်းအင်လွှဲပြောင်းနိုင်သည့် ပမာဏကို တိုးမြှင့်ဖို့အတွက် Resonance ကို အသုံးပြုရခြင်း ဖြစ်ပါသည်။ အမြင့်ဆုံးစွမ်းအင်လွှဲပြောင်းခြင်းကို အသုံးပြုနိုင်သည့် စက်နှစ်လုံး၏ Resonance ကိုတူညီစေခြင်းမှ Process ကို လုပ်ဆောင်ပါသည်။ ထို့ကြောင့် ကြိုးမဲ့လျှပ်စစ်ဓာတ်အားသဘောတရားရှိနေခဲ့သည်မှာ ရာစုနှစ်တစ်ခုလောက်ရှိနေခဲ့ပြီဖြစ်ပါသည်။ ၁၈၉၉ ခုနှစ်တွင် Tesla က မီတာများစွာ အကွာအဝေးမှ လျှပ်စစ်စွမ်းအင်ကို ကြိုးမဲ့နည်းပညာနှင့် ပို့လွှတ်ခဲ့ပြီး Wireless Power Transfer စနစ်ကို လက်တွေ့သရုပ်ပြနိုင်ခဲ့ပါသည်။ သို့သော်လည်း နည်းပညာကန့်သတ်ချက်များနှင့်အတူ နည်းပညာကို အသုံးပြုနိုင်သည့် Infrastructure များ မရှိခြင်းကြောင့် အဆိုပါနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ကြိုးမဲ့လျှပ်စစ်ဓာတ်အားပေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါသည့် အခန်းကဏ္ဍကနေ ပါဝင်ခဲ့သည့် အခြားသိပ္ပံပညာရှင်တစ်ဦးကတော့ လျှပ်စစ်သံလိုက်လှိုင်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် လူသိများခဲ့သည့် ဂျာမန်ရူပဗေဒပညာရှင် Heinrich Hertz ပဲဖြစ်ပါသည်။ ၁၈၈၇ ခုနှစ်မှာ Hertz က ကြိုးမဲ့လျှပ်စစ်ပို့လွှတ်နိုင်ဖို့ မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်သံလိုက်လှိုင်းများရှိကြောင်း သက်သေပြနိုင်ခဲ့ပြီး စမ်းသပ်မှုအများအပြားကို ပြုလုပ်ပြသခဲ့ပါသည်။ စမ်းသပ်ချက်များ အောင်မြင်သွားပြီး နောက်ပိုင်းမှသာ ကြိုးမဲ့လျှပ်စစ်နည်းပညာ ဆက်လက်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ ကြိုးမဲ့လျှပ်စစ်နယ်ပယ်သည် အစောပိုင်းမှာ အောင်မြင်မှုတွေရှိခဲ့သည်ဟုဆိုသော်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ခြင်းမရှိခဲ့ပါ။ ၁၉၀၀ ခုနှစ် အစောပိုင်းမှာ Tesla က Wardenclyffe Tower စီမံကိန်းဟုခေါ်သည့် ကြိုးမဲ့ပါဝါပို့လွှတ်မှုစနစ်တစ်ခုကို တည်ဆောက်ဖို့အတွက် ကြိုးစားခဲ့သော်လည်း ရန်ပုံငွေမရှိသဖြင့် စီမံကိန်းမအောင်မြင်ခဲ့ပါ။ သိပ္ပံပညာရှင်များနှင့် တီထွင်သူများက ၁၉ ရာစုအစောပိုင်းထဲက စတင်စမ်းသပ်ခဲ့သော်လည်း ၁၉၀၀ ပြည့်လွန် နှစ်အစောပိုင်းတွေအထိ သိသာထင်ရှားသည့် တိုးတက်မှုများ မရရှိခဲ့ပါ။

နည်းပညာပိုင်းဆိုင်ရာစိန်ခေါ်မှုတွေအပြင် လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အတားအဆီးများ ပါရှိခဲ့ပါသည်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ဖို့ အတွက်လက်ရှိ Infrastructure များကို ကြိုးနှင့်သွယ်တန်းပြီး ဒီဇိုင်းထုတ်ထားခြင်းကြောင့်





ကြိုးမဲ့စနစ်ကိုကူးပြောင်းရန်အတွက် ပိုမိုခက်ခဲစေခဲ့ပါသည်။ အဆိုပါကိစ္စများကို အကောင်အထည်ဖော်သည့်နေရာမှာလည်း ကုန်ကျစရိတ်အလွန်မြင့်မားသည်ကလည်း အတားအဆီးတစ်ခုလို ဖြစ်နေခဲ့ပါသည်။

သို့သော်လည်း စိန်ခေါ်မှုတွေကြားထဲမှ ကြိုးမဲ့လျှပ်စစ်နည်းပညာက ၂၀ ရာစုတစ်လျှောက်လုံး ဆက်လက်တိုးတက်လာနေခဲ့ပါသည်။ ၁၉၆၀ ခုနှစ်မှာ Massachusetts Institute of Technology (MIT) မှ သုတေသီတွေက Resonant Coil တွေကို အသုံးပြုပြီးတော့ ကြိုးမဲ့ပါဝါပို့လွှတ်ခြင်းအတွက် နည်းလမ်းတစ်ခုကို တီထွင်ခဲ့ပြီး တိုတောင်းတဲ့ အကွာအဝေးအတွင်းမှာ ပိုပြီးများပြားတဲ့ စွမ်းအင်လွှဲပြောင်းမှုတွေ ပြုလုပ်စေနိုင်ခဲ့ပါသည်။ အဆိုပါနည်းပညာက မော်ဒန်ခေတ်ကြိုးမဲ့အားသွင်းစနစ်အတွက် လမ်းခင်းပေးခဲ့ပြီး ယခုအချိန်မှာဆိုရင် လူသုံး Electronic ပစ္စည်းများမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုလာနေကြပြီ ဖြစ်ပါသည်။

သို့သော်လည်း ပိုပြီးဝေးသည့် တာဝေးကြိုးမဲ့ပါဝါပို့လွှတ်မှုများကို အောင်မြင်ဖို့အတွက် ကျော်လွှားရမည့် စိန်ခေါ်မှုတွေလည်း ရှိနေပါသေးသည်။ အဓိက စိန်ခေါ်မှုများအနေဖြင့် အကွာအဝေး၊ ချိန်ညှိနိုင်မှုနှင့် ပို့လွှတ်နေသည့်အချိန်မှာ ဖြစ်ပေါ်လာနိုင်သည့် အနှောင့်အယှက်များလို အကြောင်းအရင်းတွေနှင့် ကန့်သတ်ထားသည့် စွမ်းအင်လွှဲပြောင်းမှု၏ ထိရောက်မှု ပမာဏများကြောင့်ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် မည်မျှအထိ အကျိုးသက်ရောက်လာနိုင်မလဲဆိုသည့် အပေါ်မှာလည်း စိုးရိမ်မှုတွေရှိနေပါသည်။ Wireless Electricity နည်းပညာတိုးတက်လာသည်နှင့်အမျှ ပိုမိုလက်တွေ့ကျလာပြီး လက်ရှိမှာလည်း အသုံးပြုနေကြပြီဖြစ်ပါသည်။ တိုးတက်မှုများကို ဆက်လက်လုပ်ဆောင်နိုင်မည်ဆိုလျှင် အနာဂတ်ကာလတွင် အောင်မြင်မှုများနှင့်အတူ တီထွင်မှုအသစ်များလည်း ထပ်မံထွက်ပေါ်လာနိုင်ပါသေးသည်။ ယနေ့ခေတ် Smart Phone များ၊ Laptop များနှင့် Smart Watch များလို လူသုံးများသည့် Electronic ပစ္စည်းများမှာဆိုလျှင် ကြိုးမဲ့အားသွင်းနည်း(Wireless Charging)များကို ထည့်သွင်းပေးလာနေကြပြီဖြစ်ပါသည်။ Wireless Electricity ကို အဆိုပါပစ္စည်းများအပြင် အခြားအသုံးချနိုင်သည့် ပစ္စည်းများလည်း ရှိနေပါသေးသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍများမှာဆိုလျှင် လျှပ်စစ်ကားများသည် မောင်းနှင်နေသည့်အချိန်အတွင်းမှာပဲ ကြိုးမဲ့နည်းပညာနှင့်အားသွင်းနိုင်မှာဖြစ်ပြီး စက်မှုကဏ္ဍမှာဆိုလျှင်လည်း စက်ရုပ်များနှင့်ဒရုန်းများကို ကြိုးမဲ့စနစ်ဖြင့် ပါဝါပေးနိုင်ပြီး ပိုမို၍ Effective ဖြစ်လာစေပါမည်။ သို့သော် အားနည်းချက်များရှိနေပါသေးသည်။ ထုတ်လွှတ်ပေးနိုင်သည့် လျှပ်စစ်ပမာဏ အကန့်အသတ်ရှိပြီး ကြိုးမဲ့လျှပ်စစ်ဓာတ်အားထုတ်ပေးသည့် လျှပ်စစ်သံလိုက်စက်ကွင်းများနှင့် ထိတွေ့မှုများနှင့် ဆက်နွယ်ပြီး ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအန္တရာယ်များကလည်း ရှိနေပါသေးသည်။ Wireless Charging များမှာ အသုံးပြုကြသည့် အဓိက နည်းပညာနှစ်ခုရှိပါသည်။ Near-field နဲ့ Far-field ဟူ၍ဖြစ်ပြီး နည်းပညာတစ်ခုစီမှာ အားသာချက်နှင့်အားနည်းချက် များစွာ ရှိကြဆဲဖြစ်ပါသည်။ ခြားနားချက်များကို နားလည်ပြီး မည်သည့်နည်းစနစ်က ကိုယ်သုံးမည့်ပစ္စည်းနှင့် ကိုက်ညီမလဲဆိုသည်ကို ရွေးချယ်နိုင်ဖို့လည်း လိုပါသေးသည်။ Near-field Charging ၏အားသာချက်အနေဖြင့် စွမ်းအင်ကို လွှဲပြောင်းပို့ဆောင်တဲ့နေရာမှာ ပမာဏအနည်းငယ်ပဲ ဆုံးရှုံးနိုင်တာကြောင့် Far-field charging ထက် စွမ်းအင်ပမာဏများများကို မြန်မြန်နဲ့ ပိုရောက်ရှိစေမှာပါ။ သို့သော်လည်း အကန့်အသတ်အနေဖြင့် အားသွင်းနိုင်သည့် အကွာအဝေး တိုတောင်းသည့်ပြဿနာရှိပါသည်။ ပုံမှန်အားဖြင့် စင်တီမီတာ အနည်းငယ်ထက်ပို၍ ပို့လို့မရဘဲ အားသွင်းမည့် ပစ္စည်းကို ထို Charging ပေါ်မှာ တိုက်ရိုက်ထားမှသာ အသုံးပြုနိုင်ပါသည်။ ယနေ့ခေတ်ဖုန်းတွေမှာ ပါလာတဲ့ Wireless Charging တွေမှာဆိုရင် Near-field အားသွင်းခုံများကို အများဆုံးအသုံးပြုကြသည်ကို တွေ့မြင်နိုင်ပါသည်။ Far-field ကြိုးမဲ့အားသွင်းနည်းမှာ မတူညီသည့် နည်းပညာကို အသုံးပြုပြီး ပိုဝေးတဲ့နေရာကနေ အားသွင်းလို့ရအောင် ဖန်တီးပေးနိုင်ပါသည်။ အဆိုပါနည်းပညာမှာ Near-field သံလိုက်စက်ကွင်းထက်ပိုပြီး အကွာအဝေးများများကို ထုတ်လွှတ်ပေးနိုင်သည့် Radio Frequency Wave( RF) များကို အသုံးပြုပါသည်။ Far-field charging ၏ အဓိက အမျိုးအစားနှစ်ခုမှာ ရေဒီယိုကြိမ်နှုန်း (RF) ဖြင့် အားသွင်းခြင်းနှင့် Microwave ဖြင့် အားသွင်းခြင်းဟူ၍ ဖြစ်ပါသည်။ RF ကို ပုံမှန်အားဖြင့် Frequency နည်းသည့် Wave များကို အသုံးပြုထားပြီး Smart Phone များနှင့် Smart Watch ကဲ့သို့သေးငယ်သည့် စက်ပစ္စည်းများကို အားသွင်းရန် အသုံးပြုကြပါသည်။ Microwave အားသွင်းနည်းမှာ ပိုပြီးမြင့်မားသည့် Frequency Wave များကို အသုံးပြုရပြီး လျှပ်စစ်ကားတွေလို ကြီးမားသည့်လျှပ်စစ်ပစ္စည်းများကို အားသွင်းရန် အတွက် အသုံးပြုနိုင်ပါသည်။ Far-field အားသွင်းနည်းများမှာ အကွာအဝေးများစွာကနေ စက်ပစ္စည်းတွေက Charging ဖြင့် မထိတွေ့ဘဲနှင့် အားသွင်းနိုင်ခြင်းကြောင့် လွယ်လွယ်ကူကူဖြင့် အဆင်ပြေနိုင်သော်လည်း လွှဲပြောင်းသည့် လုပ်ငန်းစဉ်အတွင်းမှာ စွမ်းအင်ပိုမိုဆုံးရှုံးခြင်းကြောင့် Far-field အားသွင်းနည်းက Near-field ထက် အားသွင်းနိုင်သည့် ပမာဏပိုနည်းပြီး နှေးကွေးပါသည်။ ဥပမာအနေနဲ့ Near-field ဖြင့် အားသွင်းသည့် ဖုန်းမှာ 30 Watt အထိ Support ပေးမည်ဆိုလျှင် Far-field မှာ 10 Watt လောက်အထိပဲ Support ပေးနိုင်ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ယခုအချိန်အထိ Wireless Electricity နဲ့ Charging နည်းပညာများက အသုံးမများကြသေးပါ။ လက်လှမ်းမီနိုင်သည့်အဆင့်အနေဖြင့် ဖုန်းကို Wireless ဖြင့် အားသွင်းနိုင်သည့် အဆင့်သာရှိနေပါသေးသည်။ များများစားစားအသုံးပြုရန် မထုတ်လုပ်နိုင်သေးခြင်း၏ နောက်ကွယ်တွင် ကုန်ကျစရိတ်မြင့်မားမှုများနှင့်အတူ အားနည်းချက်အချို့ ရှိနေသေးပါသည်။ သို့သော်လည်း လက်ရှိစမ်းသပ်တွေ့ရှိမှုများအရ မကြာခင်နေအိမ်များတွင် ကြိုးမဲ့လျှပ်စစ်နည်းပညာကို အသုံးပြုလာနိုင်သည့် အလားအလာရှိနေပါသည်။ ကြိုးမဲ့လျှပ်စစ်နည်းပညာ၏ အဓိကအားသာချက်တစ်ခုမှာ Flexible ဖြစ်ခြင်းဖြစ်ပြီး ကြိုးမဲ့လျှပ်စစ်နည်းပညာကို အသုံးပြုခြင်းကြောင့် လျှပ်စစ်ပေးဖို့လိုအပ်သည့် ပစ္စည်းများကို နံရံမှာ ပလပ်ထိုးထားစရာလိုမည် မဟုတ်တော့ပါ။ အိမ်တွေမှာ ရှုပ်ထွေးသည့် ဝိုင်ယာကြိုးလိုင်းများကို အသုံးပြုခြင်းထက် ပိုမိုအမြင်ရှင်းလင်းပြီး သုံးရလွယ်ကူသွားစေမှာဖြစ်ပါသည်။ ထို့အပြင် Safe ဖြစ်သည့်အပိုင်းတွင်လည်း အားသာချက်များရှိနေပါသေးသည်။ လက်ရှိအသုံးပြုနေသည့် လျှပ်စစ်မီးကြိုးများ အထူးသဖြင့် ဝိုင်ယာကြိုးများတွင် ပွန်းပဲ့ပျက်စီးနေလျှင် လျှပ်စစ်ဝါယာရှော့ခ်ဖြစ်ခြင်းများနှင့် မီးလောင်နိုင်ခြင်းများရှိပါသည်။ ကြိုးမဲ့လျှပ်စစ်နည်းပညာမှာ အဆိုပါအန္တရာယ် လုံးဝမရှိတော့ဘဲ ပို၍ Safe ဖြစ်ပါသည်။ သို့သော် ကြိုးမဲ့လျှပ်စစ်နည်းပညာ၏ အားနည်းချက်မှာ လက်ရှိအချိန်အထိ လျှပ်စစ်ပို့လွှတ်နိုင်သည့်ပမာဏ နည်းနေသေးပြီး လွှဲပြောင်းသည့်နေရာတွင်လည်း လျှပ်စစ်ဆုံးရှုံးမှုများနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ပုံမှန်လျှပ်စစ်ဓာတ်အားပေးခြင်းထက် ထိရောက်မှုနည်းနိုင်ပြီး လျှပ်စစ်အတွက် ကုန်ကျစရိတ်ကိုလည်း မြင့်မားစေနိုင်ပါသည်။ အဆိုပါအချက်များသည် လက်ရှိအချိန်တွင် ကြိုးမဲ့လျှပ်စစ်နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုနိုင်သေးခြင်း၏ အဓိကအချက်များ ဖြစ်သော်လည်း မဝေးလှသည့် အနာဂတ်ကာလတွင် ပြဿနာများကို ဖြေရှင်းနိုင်လာပြီး ပိုမို Flexible ဖြစ်လာစေမည့် ကြိုးမဲ့လျှပ်စစ်နည်းပညာအနာဂတ်တစ်ခုကို ဦးတည်စေလိမ့်မည် ဖြစ်ပါကြောင်း ဗဟုသုတအနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း



# နိုင်ငံတကာ အားကစား သတင်းများ

## တီနိုလီဗရာမန်တိုအား စတာလင်ပေါင် သန်း ၅၀ဖြင့် မန်ချက်စတာစီးတီးအသင်း ကမ်းလှမ်း

**မန်ချက်စတာ ဇူလိုင် ၂၇**


မန်ချက်စတာစီးတီး အသင်းသည် နယူးကာဆယ် အသင်း နောက်ခံကစားသမား တီနိုလီဗရာမန်တိုအား စတာလင်ပေါင် သန်း ၅၀ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း တီနိုလီဗရာမန်တိုအတွက် မန်ချက်စတာစီးတီးအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် နယူးကာဆယ်အသင်းထံမှ တီနိုလီဗရာမန်တိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)






## ဖူလ်ဟမ်အသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၂၇**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဖူလ်ဟမ်အသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖူလ်ဟမ်အသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၆မိနစ်နှင့် ၂၀မိနစ်တို့တွင် ဝီလ်ဆင်၊ ပွဲချိန် ၅၈မိနစ်တွင် ပီရဲရားတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၉ရက်တွင် ဖရန့်ဖတ် အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားဦးမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဒီပေါလ် အင်တာမိုင်ယာမီအသင်းတွင် ကျောနံပါတ် ၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၂၇**

ကွင်းလယ်ကစားသမားသစ် ဒီပေါလ် အင်တာမိုင်ယာမီအသင်းတွင် ကျောနံပါတ် (၇)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အင်တာမိုင်ယာမီအသင်းသို့ အငှားပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။




ကွင်းလယ်ကစားသမား ဒီပေါလ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၇ ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များစွာကိုလည်း ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Corentin Moutet တက်ရောက်

**ဝါရှင်တန် ဇူလိုင် ၂၇**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Corentin Moutet တက်ရောက်ခဲ့သည်။



အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Corentin Moutet သည် 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev အား ၁-၆၊ ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Corentin Moutet နှင့် ဩစတြေးလျ တင်းနစ်ကစားသမား Alex De Minaur တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ပါအူဗစ်တာအား ခေါ်ယူခဲ့ကြောင်း ဘရာဂါအသင်းအတည်ပြု

**လန်ဒန် ဇူလိုင် ၂၇**

ဘရာဂါအသင်းသည် ဘာစီလိုနာအသင်းတိုက်စစ်မှူး ပါအူဗစ်တာအား ပြောင်းရွှေ့ကြေး ယူရို ၁၂သန်း+အပိုဆုကြေး ယူရို သုံးသန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။




အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘရာဂါအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ပါအူဗစ်တာသည် ဘာစီလိုနာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရာဂါအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဘရာဂါအသင်းထုတ်ပြန်ချက်တွင် "ပါအူဗစ်တာအား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း နောက်ထပ် ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## မာလစ်ဖိုဖာနာအား ခေါ်ယူရန် အဲဗာတန်အသင်း စိစဉ်

**လန်ဒန် ဇူလိုင် ၂၇**

အဲဗာတန်အသင်းသည် လိုင်ယွန်အသင်း တောင်ပံကစားသမား မာလစ်ဖိုဖာနာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၂ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



လိုင်ယွန်အသင်းကလည်း လက်ရှိအချိန် ဘဏ္ဍာရေး အခက်အခဲကြောင့် မာလစ်ဖိုဖာနာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းထံမှ မာလစ်ဖိုဖာနာအား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* နယူးကာဆယ်အသင်းသည် လိုက်ပဇစ်အသင်း တိုက်စစ်မှူး ဆက်စ်ကိုအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
* ဘိုင်ယန်မြူးနစ်အသင်းသည် လီဗာပူးအသင်း တောင်ပံကစားသမား ဒီယက်ဇ်အား ခေါ်ယူရန် ထပ်မံကမ်းလှမ်းခဲ့သည်။

(NGB)

## အာဆင်နယ်အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဟု ယိုကယ်ရက်စ်ပြောကြား

**လန်ဒန် ဇူလိုင် ၂၇**

အာဆင်နယ်အသင်း တိုက်စစ်မှူးသစ် ယိုကယ်ရက်စ်က မိမိအနေဖြင့် အသင်းနှင့်အတူ ဆုဖလားများစွာရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၆၃ ဒသမ ၅သန်း၊ အပိုဆုကြေး ယူရို ၁၀သန်းဖြင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ထို့ပြင် ယိုကယ်ရက်စ်သည် အာဆင်နယ်အသင်း ဂန္ထဝင်ကစားသမား သီယာအိုရွန်နရီ ဝတ်ဆင်ခဲ့သည့် ကျောနံပါတ် (၁၄)ဂျာစီအားလည်း ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




အသက်(၂၇)နှစ်အရွယ်ရှိ ယိုကယ်ရက်စ်က "ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေ ပြီးပြည့်စုံခဲ့ပါပြီ။ အာဆင်နယ်အသင်းနှင့်အတူ ဆုဖလားများစွာရယူသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ) (NGB)

## ၂၀၂၅ အမျိုးသမီးအာဖရိကဖလား ချန်ပီယံဆုအား နိုင်ဂျီးရီးယားအသင်းဆွတ်ခူး

**လန်ဒန် ဇူလိုင် ၂၇**

၂၀၂၅ အမျိုးသမီးအာဖရိကဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နိုင်ဂျီးရီးယားအသင်းနှင့် မော်ရိုကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နိုင်ဂျီးရီးယား အသင်းက မော်ရိုကိုအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

နိုင်ဂျီးရီးယားအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၆၄မိနစ်တွင် Esthen ပွဲချိန် ၇၁မိနစ်တွင် Folashade၊ ပွဲချိန် ၈၈ မိနစ်တွင် Joe Echegini တို့က အသီးသီး သွင်းယူပေးခဲ့သည်။

နိုင်ဂျီးရီးယားအသင်းသည် အမျိုးသမီးအာဖရိကဖလား ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ချန်ပီယံဆုအား ငါးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီး အအောင်မြင်ဆုံး အသင်းအဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။ (အောက်ပုံ) (NGB)



## ခြင်းတောင်းရက်လုပ်နည်းနှင့် ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**ရေဦး ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေနဒီဦးခန်းမတွင် ယမန်နေ့နံနက်ပိုင်းက မိသားစုဝင်ငွေတိုးစေမည့် ခြင်းတောင်းရက်လုပ်နည်းနှင့် ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်း သင်တန်းဖွင့်လှစ်ခဲ့သည်။



အဆိုပါသင်တန်းသို့ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မြို့ပေါ်ငါးရပ်ကွက်မှ စိတ်ပါဝင်စားသူများ တက်ရောက်သင်ယူခဲ့ကြသည်။ သင်တန်းတွင် အလွယ်တကူ ခြင်းတောင်းရက်လုပ်နည်းကို ဝါးနှီးလုပ်ငန်းပညာရှင် ဒေါ်မာမာကလည်းကောင်း၊ ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်နည်းကို နည်းပညာဆရာမ ဒေါ်သီတာကလည်းကောင်း၊ ကုန်ကြမ်းမှ ကုန်ချောအဆင့်ပြုလုပ်နိုင်သည်အထိ အဆင့်ဆင့် သင်ကြားပြသပေးခဲ့ကြသည်။

ထို့နောက် သင်တန်းသားများက သင်ကြားမှုနည်းစနစ်များကို လိုက်နာမှတ်သားခဲ့ကြပြီး သင်တန်းသားများအားလုံး လက်တွေ့ပြုလုပ်နိုင်ခဲ့သည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က နည်းစနစ်မှန်ကန်စွာ အကောင်းဆုံးပြုလုပ်နိုင်သူများကို ရွေးချယ်ကာ အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

* – * – * – * – *



## နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား Biometric အချက်အလက်နှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**မကွေး ဇူလိုင် ၂၇**

နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအား ဇီဝဆိုင်ရာ အချက်အလက်များ (Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်နိုင်မင်းနှင့် မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်ဦးတို့ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)၇၀၀၀ ခန့်အား ဇီဝဆိုင်ရာအချက်အလက်များ(Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်များ ဆောင်ရွက်ပေးပြီး ပင်စင်စား (အငြိမ်းစား)များအား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

## ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းစေရန်အတွက် ကျောက်ဆည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးဆောင်မှုဖြင့် အခြေခံပညာဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာန၊မိခင်နှင့်ကလေးဌာနတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက လယ်ပြင်၊ ရေဦး၊ ကုန်းမြင့်သာ၊ ရွှေကူဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများတွင် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁)ဒေါ်ကြည်ကြည်ဆွေနှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှ တာဝန်ရှိသူများနှင့်ပူးပေါင်းပြီး လယ်ပြင်ကျောင်းမှ ၁၄၃ ဦး၊ ရေဦးကျောင်းမှ ၂၅၃ ဦး၊ ကုန်းမြင့်သာကျောင်းမှ ၉၈ ဦး၊ ရွှေကူကျေးရွာကျောင်းမှ ၄၉ ဦးတို့အား ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်း၊ သွားခံတွင်းသန့်ရှင်းရေးနှင့် စနစ်မှန်သွားတိုက်နည်းများ၊ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲခြင်းစသည့် ကျန်းမာရေးအသိပညာနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ သံချဆေးနှင့် သံဓာတ်အားဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်ကာ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်စေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်း(ပွမ်းမံ)ဆင်းပွဲ အခမ်းအနားကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲ



အခမ်းအနားကို ယမန်နေ့က ဝမ်းတွင်းမြို့နယ်၊ ဇီးကျင်းကျေးရွာတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူမြင့်က စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စက်ချုပ်ဆိုင်ရာ နည်းပညာများပိုမိုတတ်မြောက်ကျွမ်းကျင်စေရန်၊ ထုတ်ကုန်များ ပိုမိုဈေးကွက်ရရှိခဲ့ပြီး လုပ်ငန်းများ တိုးချဲ့အောင်မြင်ခြင်းဖြင့် ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းသား၊သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၁၁ ရက်မှ ၂၅ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၉)

* – * – * – * – *

## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**အမရပူရ ဇူလိုင် ၂၇**

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ကြီးမှူး၍ အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။ (ဝဲပုံ)



ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ "ငလျင်ဘေးအန္တရာယ်များသည် ဘယ်အချိန်၊ ဘယ်အခါမှာ ကျရောက်လာမည်ဆိုတာ မသိနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးနှင့် ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်းကာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကျောင်းသားလူငယ်များ သိရှိလိုက်နာစေရန်အတွက်" ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ ထို့နောက် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် စာအုပ်များ ပေးအပ်ခဲ့သည်။

အဆိုပါငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။(၀၈၄)

# ပြည်တွင်းဝယ်လိုအားကြောင့် ယခင်နှစ်ထက် ထောပတ်သီး ရောင်းအားကောင်းမည်ဟု ဆို

**မန္တလေး ဇူလိုင် ၂၇**

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သည့် ထောပတ်သီးများသည် ပြည်တွင်းဝယ်လိုအား မြင့်တက်လာမှုကြောင့် ယခင်နှစ်ထက် ရောင်းအားပိုကောင်းနိုင်ကြောင်း ထောပတ်သီးစိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် ဇူလိုင်လဆန်းမှစ၍ ထောပတ်သီးရာသီစတင်ချိန်ဖြစ်ပြီး အမရာထောပတ်သီးနှင့် 035- ထောပတ်သီးများ ဈေးကွက်သို့ စတင်ဝင်ရောက်နေပြီဖြစ်ကာ Hass အမျိုးအစားများ မထွက်သေးကြောင်း သိရသည်။

"ထောပတ်သီးစတင်ပေါ်ပြီဖြစ်လို့ ဈေးကွက်ထဲမှာ ရောင်းအားကောင်းနေပါတယ်။ ထောပတ်သီးအရသာနဲ့ ကျန်းမာရေးကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေကို သိလာတော့ ပြည်တွင်းစားသုံးမှု ပိုများလာတာတွေ့ရတယ်။ ထိုင်းနိုင်ငံဘက်ကို တာချီလိတ်လမ်းကြောင်းကနေ တင်ပို့တယ်။ ပြည်ပပို့တာက Hass အမျိုးအစားဆိုတော့ အခုချိန်မှာ မပေါ်သေးလို့ တင်ပို့တာမရှိသေးဘူး။ တစ်နှစ်ထက် တစ်နှစ် ပြည်တွင်း စားသုံးမှု ပိုများလာပါတယ်"ဟု ၄င်းက ပြောသည်။



လက်ရှိ ပြည်တွင်းထောပတ်သီးဈေးကွက်တွင် အမရာသီးမှာ တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင်နှင့် 035- ထောပတ်သီးမှာ တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်း၊ စားသုံးမှုများပြားလာသည့်အတွက် လူမှုကွန်ရက်မှ ရောင်းချသူများစွာ ရှိလာကြောင်း သိရသည်။

"မနှစ်က ထောပတ်တစ်ရာသီမှာ တန်ချိန် ၄၀၀၀ ကျော် လောက်ထွက်ခဲ့ပြီး ဒီနှစ်မှာ တန်ချိန် ၈၀၀၀ လောက် ထွက်တာကြောင့် ထွက်နှုန်းကောင်းတယ်။ လိုအပ်ချိန်မှာ မိုးရတာကြောင့် ခုလို ထွက်အားကောင်းလာသလို ဈေးကွက်မှာလည်း စားသုံးသူ ပိုများလာပါတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။ **(ဝဲပုံ)**

ထောပတ်သီးစိုက်ပျိုးသူများ ထုတ်လုပ်မှုတွင် လိုအပ်ချိန်မိုးကောင်းစွာရရှိသဖြင့် ထောပတ်သီးများ အောင်မြင်ဖြစ်ထွန်းကာ အရွယ်အစားကောင်းမွန်သဖြင့် အသားပါဝင်မှုများပြီး ထွက်အားကောင်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ သင်တန်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ် မဲပေးခြင်း အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။



ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ) ဦးစီးအရာရှိ ဒေါ်သီရိလွင်က မဲပေးစက်များ စစ်ဆေးခြင်း အကြောင်းအရာများ၊ ရွေးကောက်ပွဲရက်မတိုင်ခင် မဲရုံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊မဲရုံဖွင့်ချိန်၊ မဲပေးချိန်နှင့် မဲရုံပိတ်ချိန်၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် (MEVM) ကိုင်တွယ်အသုံးပြုနည်းကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသော မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်၍ မဲရုံတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၂၇၀ ဦးအား သင်တန်းဆရာ ၁၀ ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀

# နိုင်ငံ့ဝန်ထမ်း ပင်စင်စား(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက် (Biometric) များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေး

**ဥတ္တရသီရိ ဇူလိုင် ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက် (Biometric) များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးဦးတင်ကိုကိုဝင်းနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ဇီဝဆိုင်ရာအချက်အလက် (Biometric) များ စိစစ်ကောက်ယူခြင်း၊ လက်ဗွေများအား Scan ဖတ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်း၍ UID နံပါတ်များကို ရယူပြီး မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension အစီအစဉ်တွင် ထည့်သွင်းနိုင်ရန် UID နံပါတ် ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ဆေးတက္ကသိုလ်-မန္တလေး၏ (၅၃)ကြိမ်၊(၅၄)ကြိမ်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်မန္တလေး၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၇၈လမ်း၊ ၃၈လမ်းရှိ ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာမျိုးသက်တင်၊ ဆေးနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်က ဆေးဆရာဝန်များလိုက်နာရမည့် သစ္စာအဓိဋ္ဌာန် (၉)ချက်ကို တိုင်ပေးပြီး ဆေးပညာပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့နှင့် ဆေးပညာသိပ္ပံဘွဲ့များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံကြရသူများအား ဘွဲ့များအပ်နှင်းသည်။ **(အပေါ်ပုံ)**

ဆေးတက္ကသိုလ် မန္တလေး၏ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် Ph. D ငါးဦး၊ Dr.MedSc ၁၃ ဦး၊ M.MedSc ၅၃ ဦးနှင့် M.B,B. S ၅၁ ဦး၊ (၅၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် Ph.D သုံးဦး၊ Dr.MedSc သုံးဦး၊ M.MedSc ခြောက်ဦးနှင့် M.B,B.S ၅၂ ဦး၊ (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် Dr .MedSc တစ်ဦး၊ M.MedSc ၃၁ ဦးနှင့် M.B,B.S ၉၇ ဦး၊ စုစုပေါင်း ၃၁၃ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၂၈ ဦးတို့အား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး အခမ်းအနား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(၀၉၃)**

*-*-*-*-*

# ဝါစိုက်ခင်းအား ကြည့်ရှုပြီး အထွက်နှုန်းကောင်းမွန်ရေး မှာကြား

**မိတ္ထီလာ ဇူလိုင် ၂၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊သမဝါယမဦးစီးဌာနမှ စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းအထူးကောင်းမွန်ရေး ဦးတည်၍ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည်စိုးသည် ဌာနတာဝန်ရှိသူများ၊အသင်းတာဝန်ရှိသူများနှင့်အတူ မိတ္ထီလာမြို့နယ်၊ လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာ တက်သစ်စစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူ ဦးမောင်နီ၏ မိုးဝါစိုက်ခင်းအား ကြည့်ရှုအားပေးခဲ့သည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အထွက်နှုန်းကောင်းမျိုးစိုက်မှသာလျှင် သီးနှံအထွက်တိုးမည်ဖြစ်၍ မျိုးပြောင်းလဲစိုက်ပျိုးမှုမှစ၍ သွင်းအားစုများ သုံးစွဲမှုနည်းစနစ် မှန်ကန်စေရေး၊ အချိန်ကိုက် အချိုးကျ ထည့်သွင်းနိုင်ရေး၊ အစာအာဟာရများ သတ်မှတ်အချိုးအစားအတိုင်း ထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးတို့ကို ဂရုစိုက်ခြင်းဖြင့် ရာသီကုန်တွင် အထွက်နှုန်း ကောင်းမွန်မည်ဖြစ်ကြောင်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(၄၅၃)**

*-*-*-*-*

ဝတ္ထုတိုကဏ္ဍ

# ကျောင်းသားဘဝအစ ကိုကြီးတင်နှင့် မတီးဖြစ်ခဲ့သော မယ်ဒလင်ကလေး

နိုင်မလ



မန္တလေးတက္ကသိုလ် ပထမနှစ် သင်တန်းကို စတက်ရမည့်နေ့ဖြစ်သဖြင့် တက်ကြွပျော်ရွှင်စွာဖြင့် သူငယ်ချင်းများနှင့်အတူ မန္တလေးတက္ကသိုလ် ရတနာဘုမ္မိနယ်မြေသို့ ရောက်ခဲ့သည်။ အတူလာ သူငယ်ချင်းများက မေဂျာမတူကြ၍ လမ်းခွဲပြီး ကိုယ်တက်ရမည့် စာသင်ခန်းဆီသို့ အသီးသီးသွားကြပြီ။ ကိုယ်က မြန်မာစာအထူးပြုဖြစ်၍ သုံးထပ်ဆောင်အလယ်ထပ်တွင် တက်ရမည်ဖြစ်သည်။ ကော်ရစ်ဒါတွင် ရပ်ရင်း စာသင်ခန်းအတွင်း ဝင်သွားကြသူများကို အကဲခတ်နေမိသည်။ အတန်းပြဆရာမ ဝင်လာ၍ နောက်ဆုံးမှ လွတ်နေသော ခုံတန်းတွင် ဝင်ထိုင်ပြီး သင်ခန်းစာများကို မှတ်သားသည်။ ဆက်တိုက်သင်သွားသော ဆရာ၊ ဆရာမများကို မှတ်ရင်း၊ စာသင်ရင်းဖြင့် နံနက်ပိုင်း စာသင်ချိန်များ ကုန်ဆုံးသွားသည်။

နောက်စာသင်ချိန်မစခင် အားလပ်ချိန်ရခဲ့သည်။ ရှေ့မှ မိန်းကလေး နှစ်ခုံနှင့် ယောကျ်ားလေး နှစ်ခုံတို့သည် အချင်းချင်း စကားကို ဖောင်နေအောင်ပြောရင်း ရယ်မောပျော်ရွှင်နေကြသည်။ သူတို့ကို ကြည့်ရင်း ကိုယ်ပါပျော်လာသည်။ သူတို့အချင်းချင်း ပြောစကားအရ စစ်ကိုင်းမြို့မှလာသောအဖွဲ့ဖြစ်ကြောင်း သိရသည်။ တစ်ဖွဲ့လုံး ရိုးသားပွင့်လင်းပြီး ဟန်ဆောင်မှုကင်းသော စရိုက်များ တွေ့ရသည်။ အခြားကျောင်းသား၊ ကျောင်းသူများလို ဟိတ်ဟန်မများကြ၊ ကျွန်တော်နှင့်လက်တွဲရမည့် အဖွဲ့အဖြစ် ရွေးချယ်ဆုံးဖြတ်လိုက်သည်။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ကတုံးဆံတောက်နှင့် ပုဆိုးတိုတို ဝတ်ထားသူ လှည့်အကြည့်တွင် ပြုံးပြပြီး

‘သူငယ်ချင်းတို့က စစ်ကိုင်းကလား’ ဟုမေးရင်း မိတ်ဆက်လိုက်သည်။ ‘ဟုတ်တယ်ကွ မင်းက မန္တလေးကပဲလား’ ဟု မေးသည်။ စကားပြောနေကြသော ယောကျ်ားလေး၊ မိန်းကလေး အဖွဲ့လိုက် လှည့်ကြည့်ကြသည်။

‘ကျွန်တော်က အမရပူရကပါ။ မင်းနိုင်လို့ ခေါ်ပါတယ်။ စစ်ကိုင်းနဲ့ အမရပူရ နီးနီးလေးပါ… ခင်ဗျားတို့ သူငယ်ချင်းအဖြစ် အသိအမှတ်ပြုပါ’ ဟု မိတ်ဆက်စကားပြောလိုက်ရာ တစ်ဖွဲ့လုံး ဝမ်းသာအားရ အသိအမှတ်ပြုခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားဘဝအစ ပထမရက်မှာပင် သူငယ်ချင်းတစ်ဖွဲ့ကြီး ရရှိခဲ့သည်။

ကျောင်းသို့ စောရောက်နေပြီး အတန်းတွင်သာ ထိုင်နေတော့မည်ဟု ဆုံးဖြတ်ပြီး အတန်းသို့ တက်ခဲ့သည်။ စစ်ကိုင်းမှ သူငယ်ချင်းတစ်စုမှာ ကားတစ်စင်းတည်းဖြင့် လာကြသောကြောင့် လူစုံသည်။ အတန်းထဲတွင် အခြားတစ်ဦးစ၊ နှစ်ဦးစနှင့် ထိုစစ်ကိုင်းအဖွဲ့သာ ရှိသည်။ မိန်းကလေးများက နေကြာစေ့စားရင်း စကားပြောနေကြသည်။ကိုကြီးတင်က စာအုပ်တစ်အုပ်ကို ဖွင့်ကြည့်နေပြီး ကိုစော၊ ကိုသက်၊ ကိုဦး၊ ကိုမောင်နှင့် ငါန်းဇွန်မှ ကိုကိုစမ်းနှင့် ကိုမျိုးတို့က ဘေးမှ ဝိုင်းအုံကြည့်နေကြသည်။ အနားဝင်ထိုင်လိုက်မှ သီချင်းဆိုနေကြကြောင်း သိရသည်။ ဂုဏ်ကြီးရှင် သီချင်းကို ဆိုနေကြခြင်းဖြစ်သည်။ ထူးခြားချက်မှာ ကိုကြီးတင်က ပါးစပ်ဆိုင်းလိုက်ပေးနေခြင်းဖြစ်သည်။ တီးလုံး၏ ဘယ်နေရာတွင် သီချင်းစရမည် စသည်ဖြင့်လည်း ပြောပြနေသေးသည်။ မယ်ဒလင်သံဖြင့် လိုက်ပေးခြင်းဖြစ်၍ ကိုကြီးတင်မှာ မယ်ဒလင်တီး တော်တော်ကျွမ်းပုံရသည်ဟု တွေးမိသည်။ ကိုကြီးတင်က မယ်ဒလင်လေးတစ်လက်လောက်ရရင် ဘယ်လောက်ကောင်းမလဲဟုလည်း မြည်တွန်တောက်တီးသေးသည်။ ငါန်းဇွန်မှလာသော ကိုမျိုးနှင့် ကိုကိုစမ်းတို့သည် မိန်းအနီး ဗောဓိကုန်းတွင် အပြင်အဆောင်နေသူများဖြစ်ကြသည်။ နေ့ခင်းပိုင်းတွင် အဖွဲ့လိုက် ဗောဓိကုန်းအဆောင်သို့ အလည်လိုက်သွားကြသည်။ အဆောင်ရောက်တော့ ကိုကြီးတင်က ဇာတ်လမ်းစသည်။

‘မင်းတို့အဆောင်နားမှာ မိန်းကလေးအဆောင်မရှိဘူးလားကွ အပျင်းပြေ ငမ်းရအောင်လေ …’ ဟု ပွင့်လင်းစွာ ပြောလာသည်။ ကိုမျိုးက မလှမ်းမကမ်းမှ အမျိုးသမီးအဆောင်ကို လက်ညှိုးထိုးပြခဲ့သည်။ ကိုကိုစမ်းက ‘တို့တစ်တွေ မိန်းထဲလျှောက်လည်ရအောင်’ ဟု အဖော်စပ်သဖြင့် မန္တလေးတက္ကသိုလ်ထဲ ခြေဆန့်ခဲ့ကြသည်။ စဝင်ကတည်းက စိန်ပန်းပင်၊ ငုပင်များကြားမှ ပင်မဆောင်ကြီးကို ကြည့်ပြီး ရင်ထဲတွင် ကျေနပ်ခြင်းပီတိ ဖြစ်မိသည်။ အမည်ဖော်မပြနိုင်သည့် လွမ်းဆွတ်သလိုလို၊ ဝမ်းနည်းသလိုလို၊ ဝမ်းသာသလိုလို ခံစားမှုက ဘယ်ဘက်နှလုံးအိမ်ကို လာဖိသည်။ ရင်ထဲတွင် တလှပ်လှပ် …။ ပင်မဆောင် လှေကားထစ်များကို ဂုဏ်ယူဝံ့ကြွားစွာဖြင့် တက်ခဲ့ကြသည်။ မဟာတိုင်လုံးကြီးများကို ကိုင်ကြည့်ရင်း ဒါ … တို့ရဲ့ကျောင်းတော်ကြီးဟု ရင်ထဲမှ ဟစ်ကြွေးသည်။ သူငယ်ချင်းအားလုံး ပျော်ရွှင်၊ သွက်လက်၊ ဖျတ်လတ်၊ ကျေနပ်၍ ဂုဏ်ယူဝမ်းမြောက်သည့် အပြုံးများ တောက်ပသောမျက်ဝန်းများဖြင့် …။ ရာဇတ်ခန်းမတွင် ဝင်၍ စာအုပ်များ မွှေကြသည်။ စာသင်ခန်းများရှေ့ ဖြတ်လျှောက်ကြသည်။ ရေနီမြောင်းနံဘေးတွင် အကြော်စားကြသည်။ ပြီးလျှင် စစ်ကိုင်းအဖွဲ့ အပြန်ကျောင်းကားမီရန် ရတနာဘုမ္မိသို့ အမြန် ပြန်ပြေးရတော့သည်။ ကျွန်တော်လည်း စစ်ကိုင်းကားဖြင့်လိုက်၍ နန်းတော်ရာ စံပြကွက်သစ်တွင် ဆင်း၍ အိမ်ပြန်ခဲ့သည်။

ယနေ့ ဆရာ မလာသောအချိန် နှစ်ချိန်ရှိခဲ့သည်။ ကိုကြီးတင်က သီချင်းစာအုပ်ထုတ်၍ စိတ်ပါ၊ လက်ပါ သီဆိုလိုက်၊ ပါးစပ်တီးလုံး တီးလိုက်ဖြင့် သာယာနေသည်။ ပထမတော့ နားထောင်နေကြသည်။ နောက်တော့ သူငယ်ချင်းတစ်စုလုံးဆိုရင်း အသံက ကျယ်လာသည်။ တချို့ကျောင်းသူများက နားငြီး၍ မျက်စောင်းထိုးကြသည်။ ကျွန်တော်တို့အဖွဲ့ ပျော်ကြသည်။ ကိုကြီးတင်က စပြီး …

‘ဟေ့ကောင်တွေ ငါတို့ ကိုမျိုးတို့ အဆောင်နားက မိန်းကလေးအဆောင်မှာ တစ်ညလောက် သီချင်းသွားဆိုကြရအောင်’ ကိုသက်က ‘အဲ့ဒါဆို တို့အဖွဲ့ လူစုပြီး ကိုမျိုး အဆောင်သွားမယ်လေ … အဲ့ဒီမှာပဲ အိပ်ကြတာပေါ့’ ဟုဆိုရာ ကျန်အဖွဲ့က လူများသဖြင့် ကိုမျိုးအဆောင်တွင်အိပ်ရန် မဖြစ်နိုင်ကြောင်း၊ တစ်ညလုံး သီချင်းဆိုလိုက်၊ လက်ဖက်ရည်ဆိုင်သွားလိုက်ဖြင့် မအိပ်ဘဲနေကြမည်ဟု ဆုံးဖြတ်ကြသည်။ ကိုသက်က … ‘သီချင်းဆိုတာက ဟုတ်ပါပြီ။ မယ်ဒလင်က ဘယ်မှာတုန်း’ ဟု မေးသည်။ အားလုံးပါသမျှ ပိုက်ဆံကလေးများ စုထုတ်ကြသည်။ လိုလျှင် မောင်စိုးက စိုက်ထုတ်ပေးမည်ဖြစ်၍ အချိန်မဆိုင်းတော့ဘဲ ချက်ချင်း မယ်ဒလင်တစ်လက်သွားဝယ်ပြီး စက်ဘီးကြုံဖြင့် ကိုမျိုးတို့ အဆောင်သို့ ပို့လိုက်သည်။ မနက်ဖြန် ကျောင်းချိန်ပြီးလျှင် အိမ်မပြန်ကြဘဲ ကိုမျိုးတို့အဆောင်တွင် စုရန် ချိန်းခဲ့ကြသည်။

သူငယ်ချင်း၏အဆောင်တွင် အိပ်မည်ဖြစ်ကြောင်း အိမ်ကို မှာထားခဲ့သည်။ ပျော်ရွှင်တက်ကြွစွာဖြင့် ကျောင်းသို့ ချီတက်ခဲ့သည်။ ကျောင်းရောက်ရောက်ခြင်း စာသင်ခန်းဆီသို့ အပြေးတက်ခဲ့သည်။ စစ်ကိုင်းအဖွဲ့က လူစုံရောက်နေပြီ။ ထိုင်၍ စကားပြောနေကြသည်။ မိန်းကလေးအဖွဲ့က ကိုကြီးတင်တို့အုပ်စု ထူးခြားနေသည်ကို သတိပြုမိသည်။ ပြုံးစိစိဖြင့် ကြည့်၍ စသည်။ စလည်း စချင်စရာ ကိုကြီးတင်ကိုပဲ ကြည့်၊ ဘိုကေကို ဂျယ်လိမ်း၍ ပိပြားနေအောင် ဖြီးထားသည်။ သနပ်ခါးတွေကလည်း အဖွေးသားနဲ့ စတစ်ကော်လာ အဖြူပုဆိုးက အသစ်ကျပ်ချွတ် တံဆိပ်ခွာထားသည်ပင် အရာထင်နေသည်။ ပုဆိုးက တိုတိုဝတ်၊ နံ့သာဆီနံ့ကလည်း မွှေးကြိုင်နေအောင် ဆွတ်လာသည်။ ကိုကိုစမ်းနှင့် ကိုစောတို့က ဘောင်းဘီ၊ လက်ရှည် ကိုယ်စီ၊ ကိုသက်က တိုက်ပုံနှင့် ကျွန်တော်က စစ်အင်္ကျီနှင့် ကချင်ပုဆိုး၊ ကိုကိုလွင်ကတော့ အနောက်တိုင်းဝတ်စုံပြည့်၊ ဘွတ်ရှူးနှင့်ဖြစ်သည်။ သူက ချမ်းသာသည်။ ယနေ့ နေ့၊ ည စားသောက်ရန်စရိတ်ကို သူက ခံမည်ဖြစ်သည်။ အတန်းပြဆရာဝင်လာပြီ ဖြစ်သည်။ အားလုံးငြိမ်သွားသည်။ ဆရာမကြီး ဒေါ်ချို့မာလာဖြစ်သည်။ ဆရာမကြီးက မျက်နှာထားတင်းသည်။ စည်းကမ်းကြီးသည်။ အသင်၊ အပြလည်း ကောင်းသည်။ သို့သော် ဆရာမ သင်သည်ကို လုံးဝစိတ်မဝင်စားကြ၊ ယနေ့တွင် ကြုံရမည့် သီချင်းဆိုဖို့ကိစ္စပဲ စိတ်ရောက်နေကြသည်။ ယနေ့သည် တက္ကသိုလ်ကျောင်းသားဘဝအစ … ကျောင်းသူအဆောင်ရှေ့တွင် မယ်ဒလင်နှင့် သီချင်းဆိုကြရတော့မည်။ ဝတ္ထုထဲ၊ ရုပ်ရှင်ဇာတ်လမ်းထဲမှာကဲ့သို့ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ဖြစ်မည်မှာ သေချာသည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ် အူကြွနေကြသော သူငယ်ချင်းများ စာသင်ရတာကို စိတ်မဝင်စား၊ လှုပ်လှုပ်ရွရွနှင့် ဂနာမငြိမ်၊ ကြွတတဖြင့် စိတ်ထဲက ပီတိသည် ဖုံးမနိုင်၊ ဖိမနိုင် တစ်ယောက်နှင့်တစ်ယောက် မကြာခဏ ကြည့်မိ၊ ပြုံးပြမိ၊ သွားဖြီးပြမိကြသည်။ ဆရာမကြီး ဒေါ်ချို့မာလာက စာသင်နေသည်ကို ရပ်၍ ကျွန်တော်တို့အဖွဲ့ကို ကြည့်နေသည်။ တစ်ခန်းလုံးငြိမ်နေသည်။ ဒါလည်း ကျွန်တော်တို့အဖွဲ့ သတိမဝင် ပီတိလုံးပိ၍ အိနေကြသည်။

‘ဟိုနောက်တန်းကကောင်တွေ ရွှီရွှီ ပြုံးစိပြုံးစိနဲ့ စိတ်မပါရင် အပြင်ထွက်ကြ’ ဟုအော်မှ သတိဝင်ကြသည်။ တစ်ဖွဲ့လုံးငြိမ်ပြီး ခေါင်းမဖော်တော့ … ဒါတောင် ကိုကြီးတင်က သီချင်းစာအုပ်ကို ဖွင့်၍ ခပ်တည်တည် ကြည့်နေသေးသည်။ အတန်းချိန်ပြီးသည်နှင့် တစ်ဖွဲ့လုံး တဝုန်းဝုန်းဖြင့် ပြေးဆင်းကြသည်။ ၃၅လမ်းထိပ်မှ ဘတ်စ်ကားစီး၍ မိန်းဘက်သို့ သွားကြသည်။ အချိန်က အများကြီး စောနေသေးသည်။ ကိုမျိုးအဆောင်ရောက်တော့ အခန်းတံခါးက သော့ခတ်ထားသည်။ ပတ္တာကြားတွင် စာတစ်စောင် ညှပ်ထားသဖြင့် ဖွင့်ဖတ်ကြည့်ရာ…

‘သူငယ်ချင်းတို့ … အဆောင်က သူငယ်ချင်းတစ်ယောက် နေမကောင်းလို့ ဆေးရုံသွားတာ … ဆေးရုံတင်ထားတယ် … ငါ ခုနစ်နာရီရောက်အောင် ပြန်လာပြီး မယ်ဒလင်ပါယူခဲ့မယ်။ ဗောဓိကုန်းဘုရားပေါက်က စောင့်ပါ …’ တဲ့

အချိန်ပိုနေသဖြင့် မိန်းထဲတစ်ပတ်လျှောက်လည်သည်။ ပြီးလျှင် ဗောဓိကုန်းနားက မိန်းကလေးအဆောင်များရှေ့ ဖြတ်လျှောက်ကြသည်။ ကိုကိုလွင်က အနောက်တိုင်းဝတ်စုံပြည့်၊ ဘွတ်ရှူးနှင့် လမ်းလျှောက်ပါများတော့ ခြေထောက်ကနာ၊ ချွေးတွေကလည်း ရွှဲနေသည်။ ထိုညနေနှင့် တစ်ညလုံး စားသောက်စရိတ် တာဝန်ကို သူပဲယူရမည်ဖြစ်၍ ထမင်းစားကြမည်ဟု သူကပင် စတင်၍ ပြောလာသည်။ ကုန်ကျစရိတ်များမည်စိုး၍ ဒူးဝါးလက်ဖက်ရည်ဆိုင်တွင် ထိုင်၍ ထမင်းဆီဆမ်းသာ စားကြသည်။ ပြီးလျှင် လက်ဖက်ရည်သောက်ရင်း အချိန်ဖြုန်းကြသည်။ အချိန်ကလည်း ကုန်ခဲလှသည်။ တစ်ညနေလုံး လမ်းလျှောက်ထားသဖြင့် ညောင်းညာနေကြပြီဖြစ်၍ အပြင်ထွက်၍ လမ်းမလျှောက်တော့ဘဲ လက်ဖက်ရည်ဆိုင်ကောင်တာသို့ သွား၍ မြန်မာသံစဉ်သီချင်းများကို ဖွင့်ခိုင်းသည်။ ဆိုင်ရှင်ကလည်း ဖွင့်ပေးသည်။ ဘေးမှ လက်ဖက်ရည်ဆိုင် လာထိုင်သော ကျောင်းသားများက မကြည်၊ ‘တောသားတွေ’ ဟု တိုးတိုးပြော မျက်စောင်းထိုးကြသည်။

(ဆက်လက်ဖော်ပြပါမည်။)

# ပြည်သူ့စာကြည့်တိုက်၌ အသိပညာဗဟုသုတများ ရရှိစေရန် စာဖတ်ဝိုင်းပြုလုပ်




**နေပြည်တော် ဇူလိုင် ၂၇**

ဝန်ထမ်းများ စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာပေဖတ်ရှုခြင်းမှရရှိသည့် အသိပညာ၊ ဗဟုသုတများကို ဝန်ထမ်းအချင်းချင်း အပြန်အလှန် ဆွေးနွေးနိုင်စေရန် ရည်ရွယ်၍ Never Stop Learning Campaign စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ ပြည်သူ့စာကြည့်တိုက်တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က Never Stop Learning Campaign စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းနှင့် အဖွဲ့ဝင်များက စာရေးဆရာမ မစန္ဒာ ရေးသားသည့် 'အရိပ်'စာအုပ်ကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သီဂီအေးနှင့် အဖွဲ့က စာရေးဆရာ နတ်နွယ် ရေးသားသည့် 'မြန်မာပြည် မြောက်ပိုင်း' စာအုပ်ကို လည်းကောင်း စာရေးသူ၏ အတ္ထုပ္ပတ္တိ၊ ဇာတ်လမ်းအကျဉ်း၊ စာအရေးအသား၊ကိုယ်ပိုင်အမြင်နှင့် ခံစားချက်များအကြောင်းကို ရှုထောင့်အသီးသီးမှ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြသည်။

စာဖတ်ဝိုင်းအပြီးတွင် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ဝန်ထမ်းများအား အရည်အချင်းပြည့်ဝပြီး စာအုပ်၊စာပေများကို တန်ဖိုးထားတတ်စေရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံစာကြည့်တိုက်ပညာသင်တန်း(၂/၂၀၂၅)ဆင်းပွဲအခမ်းအနား ကျင်းပ

**ကန့်ဘလူ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းညွှန်မှုဖြင့် ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က အခြေခံစာကြည့်တိုက်ပညာသင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများသည် စာကြည့်တိုက်၏ အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ရမည့်သူများဖြစ်ကြောင်း၊ သင်ကြားပို့ချခဲ့သည်များကို မိမိတို့စာကြည့်တိုက်မှာ လက်တွေ့အသုံးချဖို့လိုကြောင်း၊ စာကြည့်တိုက်သင်တန်းက ရရှိသည့် စာကြည့်တိုက်ပညာများကို ပြည်သူ့ဝန်ဆောင်မှုကဏ္ဍတွေမှာ အကျိုးရှိစွာ အသုံးပြုကြရန်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူတွေ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စည်းရုံးဆောင်ရွက်ပေးကြရန်နှင့် စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးနှင့် သင်တန်းသားတစ်ဦးတို့က လက်ခံရယူကြပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်ထိ စာကြည့်တိုက်မိတ်ဆက်၊ စာစု၊ စာပြုလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှု၊ ထိန်းသိမ်းမှုစနစ်၊ ကတ်တလောက်လုပ်ငန်း၊ စာငှားလုပ်ငန်း စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ဝေလေး

## ဆုံးဖြတ်ချက် မှန်ပါစေ

* ဆုံးဖြတ်ချက်ချ တိကျသေချာ
ပွဲလယ်တင့်တင့် ရဲရင့်ပညာ ၊
ကြိုးစားစိတ်ဓာတ် တည်မတ်ခိုင်မာ
အာရုံစိုက် ပြုထိုက်အလုပ်မှာ ။

* လုံ့လဆော်မှုစိတ်ထွင့်ထပ်ရည်ရွယ်
ယုံကြည်ချက်များ အင်အားပြည့်ကြွယ် ၊
တွေးကြံစိတ်ကူး ပွင့်ဖူးဉာဏ်ဝယ်
ဇွဲလုံ့လ ဆန္ဒပြင်းပြတယ် ။

* ကြိုးစားအားထုတ် အလုပ်ကြိုးဆို
ယိုးမယ်မဖွဲ့ ကံမျက်လှည့်ကို ၊
ပြည့်ပြည့်တင်းတင်း စွမ်းခြင်းပိုပို
နောက်မတွန့် ရဲဝင့်စိတ်အလို ။

* ဖြူစင်နှလုံး ဖွဲ့ထုံးရည်သန်
အပြုသဘော ကောင်းသောတွေးကြံ ၊
ငြိမ်းချမ်းအေးမြ ဘဝစီမံ
မဂ်ဖိုလ်လမ်း ဆက်လှမ်းပြည်နိဗ္ဗာန် ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)




# လူငယ်စကားဝိုင်း ပြုလုပ်

**မိုင်းဆတ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းရှိ မြတ်ပညာ ခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်က အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်က လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်ပညာရေးမှူး ဒေါ်စန်းကြည်ဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ အဖွဲ့ဝင် ဒေါ်အိအိခိုင်တို့က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အ.ထ.က (Grade-11) ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် motivate၊ လူငယ်နှင့် ရည်မှန်းချက်ပန်းတိုင်၊ လူငယ်နှင့်စိတ်ဓာတ်ရေးရာ၊ လူငယ်နှင့် ငယ်ရွယ်မှုတန်ဖိုး ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များ မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ချီးမြှင့်ကြပြီး သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



## မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရွှေကျီးမြင်ဘုရား စေတီတော်နှင့် သာသနိကအဆောက်အအုံများအား ပြုပြင်ရန်အတွက် အလှူငွေလှူဒါန်း



**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ ၂၄လမ်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရွှေကျီးမြင်ဘုရား သာသနိကအဆောက်အအုံများအား ရွှေကျီးမြင်ဘုရားဂေါပကအဖွဲ့မှ ဦးစီး၍ ရွှေကျီးဦးစေတီတော်ထီးတော်ပြုပြင်ခြင်း၊ ၈၂ လမ်းနှင့် ၂၄ လမ်းထောင့်ရှိ မုခ်ဦးပြုပြင်ခြင်းများ၊ ရွှေကျီးမြင်ဘုရား အရှေ့လိုဏ်ဂူတော် အမိုးအက်ကြောင်းများ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရွှေကျီးမြင်ဘုရားဘက်စုံ ပြန်လည်ပြုပြင်ရေးအတွက် အလှူခံဌာနကို အောင်မြေသာစံမြို့နယ် ၂၄ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား ရွှေကျီးမြင်ဘုရား တောင်ဘက်မုခ်တွင် ဖွင့်လှစ်ထားရာ ဇူလိုင် ၂၆ ရက်က မန္တလေးဈေးချိုတော် ယမင်းအထည်ဆိုင် မောင်နှမတစ်စုမှ စေတီတော်ပြုပြင်ခြင်းနှင့် ရွှေထီးတော်အတွက် ငွေကျပ်သိန်း ၃၀၀ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် ၂၃ လမ်း၊ ၈၂ လမ်းနှင့် ၈၃လမ်းကြားနေ ဦးသန်းညွန့်+ဒေါ်တင်ကြည်(စိန်ရွှေရတနာရောင်းဝယ်ရေး)မိသားစုက ဘက်စုံပြုပြင်ရန် ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ ဦးကျောက်လုံး+ ဒေါ်စိန်တင်မိသားစုက ငွေကျပ်သိန်း ၇၀ တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးသိန်းထွန်းနှင့်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**

## မဟာသတိပဋ္ဌာန် သင်တန်းပို့ချ

**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ် ဗောဓိကုန်းရပ်တွင် မဟာဗောဓိ ဝိပဿနာ ရိပ်သာဆရာတော် ဘဒ္ဒန္တ ကာရုဏိကာဘိဝံသ(ကမ္မဋ္ဌာနာစရိယ) က ကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်များအထိ မဟာသတိပဋ္ဌာန်းသင်တန်းကို ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းကို ပိတ်ရက်မရှိ နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီထိ ပို့ချရာ ရဟန်းတစ်ပါး၊ သီလရှင် ၁၄ ပါး၊ အမျိုးသားယောဂီ ၂၀ ဦး၊ အမျိုးသမီးယောဂီ ၈၀ ဦးတို့အား သင်ကြားပို့ချရာ ၂၀၂၅ ခုနှစ် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာအထိ ဆက်လက်သင်ကြားပို့ချသွားမည်ဖြစ်၍ မည်သူမဆို သင်တန်းတက်ရောက်နိုင်ကြောင်း ဆက်သွယ်ရန် အမှုဆောင်(ရုံးအဖွဲ့) ၀၉-၃၃၃၀၂၉၇၇၊ ၀၉-၂၀၀၉၇၉၀၊ ၀၉-၂၀၀၂၅၆၉ တို့ဖြစ်ကြောင်း သိရသည်။ **(၃၄၂)**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။



## စည်ပင်သာယာဝန်ထမ်းမိသားစုများက ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့်လမ်း ၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ နှစ်ပတ်လျှင် တစ်ကြိမ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက် အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၂၅)ကြိမ်မြောက်အဖြစ် ဆွမ်း၊ သီးစုံကုလားပဲဟင်း၊ ငါးပိထောင်းတို့ကို ၃၆ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်သံဃာတော်(၂၀၀)ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်၍ လောင်းလှူကြည်ညိုခဲ့ကြပြီး နှစ်ပတ်လျှင်တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၃)**

## ဇီဝိတဒါနဆေးရုံသို့ အလှူငွေများ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်နန်းတော်ရှေ့ ဒေါနဘွားရပ်ကွက်ရှိ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့၊ အမှတ်(၄)ရပ်ကွက်နေ ကွယ်လွန်သူ အဘ ဦးဘိုကြာ+အမိ ဒေါ်ရွှေ၊ (သား) အစ်ကိုကြီး ကိုစိန်ဝင်း၊ (ယောင်းမ) မစောညွန့်၊ ဦးလေး ဦးဘို၊ (တူမ) မမေခိုင်စိုးတို့အား ရည်စူး၍ ဒေါ်ခင်လှမူ၊ ဒေါ်စန်းမြင့်၊ ဒေါ်ခင်ချိုဝင်း၊ ဒေါ်တိုးတိုး ညီအစ်မတစ်စုတို့နှင့် မိသားစုဝင်များက ဆေးပဒေသာပင်အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့ နံနက်ပိုင်းက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံဆရာဝန် ဒေါက်တာ ရန်နိုင်မိုးနှင့် ရုံးအုပ်ကြီး ဦးစိုးမြင့်တို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာန ဖုန်း၀၉-၄၅၈၈၄၄၈၁၊ ၀၉-၈၉၂၉၅၃၀၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**

၀-၀-၀-၀-၀-၀







## ရာသက်ပန် ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး ဇူလိုင် ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသဝ(ဓမ္မာစရိယ၊ B.A)က ဟောကြားချီးမြှင့်သော ကောင်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားကို ဒေ့ပရိသတ်အပေါင်းက နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးမင်းစိန်+ဒေါ်ခင်ဆန်းဦး(ကျော်ထက်ဆီစက်)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၆သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ်လေးသိန်း စုစုပေါင်း ငွေကျပ်သိန်း၂၀ကို လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ပစ္စည်းများကို တစ်ပါးချင်းစီ လှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**PNT**

## မိဘမေတ္တာမဂ္ဂဇင်း အမှတ်(၃)အတွက် ကဗျာ၊ ဝတ္ထုစာမူများ ဖိတ်ခေါ်

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးမြို့မှ ထွက်ရှိမည့် မိဘမေတ္တာမဂ္ဂဇင်းအမှတ်(၃)တွင် ဖော်ပြနိုင်ရန် ကဗျာ၊ ဝတ္ထုစာမူများ ဖိတ်ခေါ်လျက်ရှိရာ ဖိတ်ခေါ်ကဗျာ၊ ဝတ္ထုစာမူတို့အား ဒေ့အယ်ဒီတာဖြင့် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခံရသော ဝတ္ထုစာမူရှင်များအား ကလောင်အမည် အက္ခရာစဉ်ဖြင့် ဖော်ပြမည်ဖြစ်ကြောင်း သိရသည်။

မိဘမေတ္တာမဂ္ဂဇင်း(၃)သို့ မည်သူမဆို ရေးသားပေးပို့နိုင်ပြီး မိဘမေတ္တာနှင့်ပတ်သက်သော အကြောင်းအရာစာမူဖြစ်ရမည်။ ပေးပို့သူများအနေနှင့် ကလောင်အမည် အမည်ရင်း ကိုယ်တိုင်ရေးဖြစ်ကြောင်း ဝန်ခံချက်နှင့် ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်၊ အပြည့်အစုံပါရမည့် စာမူများကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်ချောပို့ဖြင့်ဖြစ်စေ ပေးပို့နိုင်သည်။ (ONLINE) မှ ပေးပို့သော စာမူများကို လုံးဝလက်မခံပါ၊ ရောက်ရှိလာသော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၊ စာမူများကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ပို့ပါရန်၊ စာမူများအား ကွန်ပျူတာစာစီ A4 သုံးမျက်နှာမှ ခြောက်မျက်နှာ(သို့မဟုတ်)လက်ရေးမူ ငါးမျက်နှာမှ ၁၀ မျက်နှာအတွင်း အများဆုံး ၁၀ ပုဒ်အထိ ဖော်ပြရမည်။ ရောက်ရှိလာသော ဝတ္ထုစာမူများအနက် အနည်းဆုံး တစ်ပုဒ်မှ အများဆုံး ငါးပုဒ်အထိ ဖော်ပြမည်ဖြစ်၍ ပေးပို့ရန်လိပ်စာမှာ "ဝန်အနုပညာရပ်ဝန်း"စာကြည့်တိုက်၊ ဧရာဝတီပရဟိတ ဟသ်ာတရွှေကျောင်း၊ ၆၉လမ်း၊ ၁၁၇လမ်းနှင့်၁၁၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း ၀၉-၇၆၆၅၅၁၁၇၇ သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(၀၇၀)**

၀-၀-၀-၀-၀-၀-၀-၀

# ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း တစ်ခု တည်ထောင်ရန် တရုတ်အစိုးရ အဆိုပြု



**ပေကျင်း ဇူလိုင် ၂၇**

တရုတ်အစိုးရက ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်သည့် အဖွဲ့အစည်းတစ်ခု တည်ထောင်ရန် အဆိုပြုခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီချန်းက ဇူလိုင် ၂၆ ရက်တွင် ရှန်ဟိုင်း၌ပြုလုပ်သည့် ဉာဏ်ရည်တု နည်းပညာ ညီလာခံ၌ အထက်ပါအဆိုပြုချက်ကို တင်ပြခဲ့ကြောင်း သိရသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံမှုကို ထိန်းသိမ်းကာ ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တု မူဘောင်နှင့် စည်းမျဉ်းများ ချမှတ်ရန် နိုင်ငံအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းရန် လိုအပ်ကြောင်းလည်း တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီချန်းက ပြောကြားခဲ့သည်။

ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း၏ ဌာနချုပ်ကို ရှန်ဟိုင်း၌ တည်ထောင်ရန် တရုတ်အစိုးရက စဉ်းစားလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ အဖွဲ့အစည်းတည်ထောင်ရန် ပြင်ဆင်ရာတွင် အခြားနိုင်ငံများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုကို တရုတ်နိုင်ငံက ကြိုဆိုလျက်ရှိသည်။

လက်ရှိတွင် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာ ပြိုင်ဆိုင်မှုသည် အဓိကအားဖြင့် အမေရိကန်နှင့် တရုတ်ကြားတွင် အရှိန်မြှင့်တက်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် မြောက်ပိုင်းတွင် သတ္တုတွင်း၌ ပိတ်မိနေသည့် လုပ်သား သုံးဦးကို ကယ်ဆယ်နိုင်ခဲ့

**အော့တဝါ ဇူလိုင် ၂၇**

ကနေဒါနိုင်ငံ ဗြိတိသျှကို လံဘီယာပြည်နယ် မြောက်ပိုင်းတွင် ယမန်နေ့ကသတ္တုတွင်းပြိုကျမှုတစ်ခုဖြစ်ပွားခဲ့ရာ နှစ်ရက်ကြာ မြေအောက်ပိတ်မိနေခဲ့သည့် သတ္တုတွင်းလုပ်သား သုံးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သတ္တုတွင်းလုပ်သားသုံးဦးကို ယခင်အပတ်နှောင်းပိုင်းက ကယ်ဆယ်နိုင်ခဲ့ရာ ဘေးကင်းလုံခြုံစွာရှိနေပြီး ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာလည်း ကောင်းမွန်ကြောင်းနယူမွန့်သတ္တုတွင်းလုပ်ငန်းကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

ထိုသတ္တုတွင်း၏ တစ်စိတ်တစ်ပိုင်းပြိုကျခဲ့ပြီးနောက် အရှည်မီတာ ၂၀ မှ မီတာ ၃၀ ခန့်၊ အမြင့် ၇ မီတာမှ ၈ မီတာခန့်ရှိသော အပျက်အစီးပုံကြီးက ပိတ်ဆို့ထားသဖြင့် အဆိုပါ လုပ်သားသုံးဦး နှစ်ရက်ကြာ ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်ရှိ မန်ဆာဒေဝီဘုရားကျောင်း၌ လူအုပ်ပြိုလဲမှုဖြစ်ပွား၊ လူခြောက်ဦး သေဆုံး၊ ဒါဇင်နှင့်ချီ ဒဏ်ရာရရှိ

**ဒေလီ ဇူလိုင် ၂၇**

အိန္ဒိယ နိုင်ငံမြောက်ပိုင်း ဥတ္တရာခန်း ပြည်နယ်ရှိ လူစည်ကားသော ဟိန္ဒူဘုရားကျောင်း တစ်ခုတွင် လူအများအပြား စုဝေးခဲ့ရာမှ လူအုပ်ပြိုလဲမှု ဇူလိုင် ၂၇ ရက်ကဖြစ်ပွားပြီး အနည်းဆုံး လူခြောက်ဦးသေဆုံးကာ ဒါဇင်နှင့်ချီ ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဘုရားကျောင်းလမ်းပေါ်သို့ ဗို့အားမြင့် လျှပ်စစ်ဝါယာကြိုးတစ်ကြိုးပြုတ်ကျခဲ့ကြောင်း သတင်းရရှိပြီးနောက် ဘုရားဖူးအများအပြားရှိနေသည့် ဟာရီဒွာမြို့ရှိ မန်ဆာဒေဝီဘုရားကျောင်းရှိ လူအုပ်ကြီးအလယ်တွင် ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်စေခဲ့ရာမှ ထိုသို့လူအုပ်ပြိုလဲခဲ့ခြင်းဖြစ်သည်။

"ဝါယာကြိုးပြုတ်ကျသည်ကို မြင်တွေ့ရခြင်းက ချက်ချင်းဆိုသလို ထိတ်လန့်မှုဖြစ်စေခဲ့ပြီး ထွက်ပြေးရန် အပြင်းအထန်ကြိုးပမ်းရာမှ လူအုပ်ပြိုလဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်"ဟု ဒေသခံရဲ အရာရှိ ရီတက်ရှ်ဆာဟာက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**





# အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ မော်လဒိုက်နိုင်ငံသို့သွားရောက် အခြေခံအဆောက်အအုံဆိုင်ရာနှင့် ငွေကြေးအထောက်အပံ့များ ပေးအပ်

**ဒေလီ ဇူလိုင် ၂၇**

ဇူလိုင် ၂၆ ရက်က သွားရောက်သောခရီးစဉ်အပြီး အိန္ဒိယ ဝန်ကြီးချုပ်နာရင်ဒရာမိုဒီက မော်လဒိုက်နိုင်ငံအတွက် အခြေခံအဆောက်အအုံစီမံကိန်းများနှင့် အရေးကြီး ငွေကြေးအထောက်အပံ့များ ပေးအပ်ကာ နှစ်နိုင်ငံဆက်ဆံရေးကို အသစ်တဖန်စတင်လိုက်ကြောင်း သိရသည်။

အိမ်နီးချင်းနိုင်ငံငယ်ဖြစ်သော်လည်း ပထဝီနိုင်ငံရေးအရ အရေးပါသည့် မော်လဒိုက်တွင် ၂၀၂၃ ခုနှစ်က အိန္ဒိယဆန့်ကျင်ရေးဝါဒီ သမ္မတ မိုဟာမက် မွီဇူ အာဏာရလာပြီးနောက် အိန္ဒိယ ဝန်ကြီးချုပ်က ဆက်ဆံရေးကောင်းမွန်လာစေရန် ကြံဆောင်ခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မော်လဒိုက်နိုင်ငံသို့ အိန္ဒိယဘက်က စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

STOP AIDS

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

# ဂါဇာဒေသရှိ သတ်မှတ်နေရာအချို့တွင် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်မည်

**ဂျေရုဆလင် ဇူလိုင် ၂၇**

ဂါဇာဒေသရှိ သတ်မှတ်နေရာအချို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ ဝင်ရောက်နိုင်ရေးအတွက် တစ်နေ့လျှင် ၁၀ နာရီကြာ အပစ်ခတ်ရပ်စဲမည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ဇူလိုင် ၂၇ ရက်အတွင် ပြောကြားသည်။

အယ်မာဝါဆီ၊ ဒါအယ်လ်ဗလာနှင့် ဂါဇာမြို့တွင် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ နေ့စဉ် အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်၏ ကြေညာချက်အရ သိရသည်။ ယင်းဆောင်ရွက်ချက်သည် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ အများအပြားဝင်ရောက်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ချက်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ အစ္စရေးတပ်မတော်သည် ဇူလိုင် ၂၆ ရက် ကလည်း ဂါဇာဒေသတွင် စားရေးရိက္ခာများကို လေကြောင်းမှ ချပေးခဲ့ကြောင်း သိရသည်။ သို့ရာတွင် အစ္စရေး၏ စားရေးရိက္ခာဖြန့်ဖြူးမှုသည် ဒေသခံများအတွက် လုံလောက်မှုမရှိကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

အစ္စရေးက ဂါဇာဒေသအား တိုက်ခိုက်ခြင်းများ ဆောင်ရွက်နေသောကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်းများ နှောင့်နှေးနေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# ဂရိနိုင်ငံ အေသင်မြို့တော်မြောက်ပိုင်း ဆင်ခြေဖုံးဒေသတစ်ခုတွင် တောမီးကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**အေသင် ဇူလိုင် ၂၇**

ဂရိနိုင်ငံ အေသင်မြို့တော် မြောက်ပိုင်း ဆင်ခြေဖုံးဒေသတစ်ခုတွင် တောမီးလောင်မှုဖြစ်ပွားရာ ဇူလိုင် ၂၆ရက်က ဒေသခံအချို့ကို သက်ဆိုင်ရာက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အေသင်မြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀(၁၂ ဒသမ ၅ မိုင်) အကွာတွင် တည်ရှိသော ခရိုယိုနီရီမြို့မှ ဒေသခံများသည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ယမန်နေ့က ဆက်သွယ်မှုသုံးကြိမ် လက်ခံရရှိခဲ့သည်ဟု မီးသတ်ဌာန ပြောခွင့်ရပုဂ္ဂိုလ် ဗက်ဆစ်ဗာသရာကိုယန်းက ထုတ်ဖော်ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာတွင် မီးသတ်သမား ၁၄၅ ဦး၊ မီးသတ်ကား ၄၄ စီး၊ မီးသတ်လေယာဉ် ၁၀ စင်းနှင့် ရဟတ်ယာဉ် ၇ စင်းတို့သည် မီးငြိမ်းသတ်ရန် ကြိုးပမ်းနေကြသည်။



မီးစတင်လောင်ကျွမ်းရသည့် အကြောင်းအရင်းကို သက်ဆိုင်ရာက စုံစမ်းနေဆဲဖြစ်ပြီး လူနာတင်ယာဉ် ၄ စီးက အနည်းဆုံး ဒေသခံ ၅ ဦးကို ဆေးကုသပေးလျက်ရှိသည်။

အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်(ဖာရင်ဟိုက် ၁၀၀ ဒီဂရီ)သို့ ရောက်ရှိခြင်း သို့မဟုတ် ကျော်လွန်ခြင်း၊ ခြောက်သွေ့သောရာသီဥတုအခြေအနေနှင့် လေပြင်းများ တိုက်ခတ်ခြင်းတို့သည် မီးတောက်များကို ပိုမိုပြင်းထန်လာစေနိုင်ခဲ့ကြောင်း သိရသည်။

**Mon**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော "(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ" မှ ကောက်နုတ်ချက်)

# မန္တလေးမြို့၌ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး





မန္တလေး ဇူလိုင် ၂၇

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Y – Mandalay Hotel ၌ ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး ပြောကြားသည်။(ယာပုံ)

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ ခန့် တက်ရောက်ကြသည်။

### သီဆိုကပြဖျော်ဖြေ

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက "မင်္ဂလာပါ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် " ပြင်းထန်တဲ့မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်" နှင့် " အနာဂတ်ကို ပိုင်စိုးသူ လူငယ်များ" Video Clip နှစ်ခုကို ဖွင့်လှစ်ပြသသည်။

### ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် မန္တလေးမြို့အနေဖြင့် မူလအနေအထားအတိုင်း ပြန်လည်ရရှိနေပြီဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ သဒ္ဓါတရားထက်သန်သည့် မြန်မာလူမျိုးများ ဖြစ်သည့်အတိုင်း အားနည်းသူကို ဝိုင်းကူသည့်ပုံစံဖြင့် စာနာဖေးမမှုများဖြင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရန်၊ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံဆောင်ရွက်နေမှုများတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် ထွန်းကားပေါ်ပေါက်လာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T–2 Set Top Box အလုံး ၁၅၀ တို့ကို လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက လက်ခံရယူသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအတွက် MRTV DTH အစုံ ၂၀ နှင့် MRTV DVB T–2 Set Top Box အလုံး ၄၀ တို့အား ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် မန္တလေးမြို့ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အောင်မြင်ပါစေ မြန်မာပြည်" တေးသီချင်းဖြင့် သီဆိုကပြပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အနုပညာဗဟိုဌာန (Myanmar Arts Center)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် Myanmar Land & Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အနုပညာဗဟိုဌာန(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းကိုMyanmar Land & Development Limited က ၂၀၂၅ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ အဆောက်အအုံနှင့် ဆောက်လုပ်ရေးဧရိယာအတွင်း ချုံနွယ်များရှင်းလင်းရေး အပါအဝင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံသံတိုင်များ သန့်ရှင်းရေးပြုလုပ်ပြီး ဆီဆေးသုတ်ခြင်း၊ အဆောက်အအုံသုံးထပ်တွင် ကြမ်းခင်းများပြုပြင်ခြင်း၊ RC Wall များတွင် အက်ကြောင်းများပြုပြင်၍ အချောကိုင်ခြင်း၊ ခြံစည်းရိုးအုတ်တံတိုင်း အရှည်ပေ ၂၀၇၀ ဆောက်လုပ်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေကန်နှစ်လုံး တည်ဆောက်ခြင်း၊ ရှစ်လက်မမြေအောက်ရေတွင်းနှစ်ခု တူးဖော်ခြင်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၃၃ ကေဗွီလိုင်း သွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

### လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။ သတင်းစဉ်





## ၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ချန်ပီယံဆုအား အင်္ဂလန်အသင်း ဆွတ်ခူး

၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက စပိန်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

အင်္ဂလန်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အမျိုးသမီးယူရိုပြိုင်ပွဲ ချန်ပီယံဆုအား ဒုတိယအကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲ၏ တတိယအအောင်မြင်ဆုံးအသင်းအဖြစ်လည်း ရပ်တည်ခဲ့ကြောင်း သိရသည်။ (NGB)